# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 January 2025 ၁၁၇၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထားဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် လက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်။




ကြေးမုံ

# တိုင်းရင်းသားပြည်သူအချင်းချင်း စာနာထောက်ထားရိုင်းပင်းကူညီ

မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက် ပြည်သူအများစု ယုံကြည်ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားရှင်၏ ဗုဒ္ဓဘာသာတရားအဆုံးအမများနှင့်အညီ သတ္တဝါများအားလုံးအပေါ်တွင် မေတ္တာတရားဖြင့် ပြုမူဆက်ဆံ နေထိုင်လာကြသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ ယဉ်ကျေးသောအသိုက်အမြုံ ယဉ်ကျေးသည့်နိုင်ငံအဖြစ် အခိုင်အမာတည်ဆောက်ခဲ့ကြသည်။

ပြည်သူအများစုမှာ ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားကြသော်လည်း အသိအမြင်မိုက်မဲသူတို့က လောဘ၊ ဒေါသ၊ မောဟတရားများ အားကြီးကြသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ခေါင်းပါးကြသည်။ တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ စာနာမှုများ၊ သည်းခံခွင့်လွှတ်မှုများ အားနည်းကြပြီး အချင်းချင်းရန်လိုမုန်းဘက်စိတ်ထားများ ကြီးမားနေကြသည်ကို တွေ့မြင်ရတတ်သည်။ အသိဉာဏ်ဆင်ခြင်တုံတရားအားနည်းမှု၊ ဘာသာတရားအဆုံးအမတို့အပေါ်တွင် ယုံကြည်လက်ခံခြင်းမရှိမှု၊ ကိုယ်ကျိုးအတ္တကြီးမှု၊ ခံယူချက်မှားယွင်းမှု အကြောင်းအမျိုးမျိုးတို့ကြောင့်လည်း မိုက်မဲသောအလုပ်များကို လုပ်ကိုင်ကြသည်။

ယခုအခါတွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်၊ အုပ်စုအလိုက်ဖြစ်စေ မိုက်မဲသူများကို တွေ့ရသည်။ ၎င်းတို့တွင် မိမိတို့မြို့ရွာများ၊ မိမိတို့လူမျိုးများကို ပျက်စီးအောင်ဖျက်ဆီးသည့် အကြမ်းဖက်သမားများမှာ အမိုက်မဲဆုံးဟုဆိုချင်သည်။ မေတ္တာတရားခေါင်းပါးခြင်း၊ ခံယူချက်လွဲမှားခြင်းတို့ဖြင့် ပြည်ထောင်စုကြီးအတွင်း အတူတကွနေထိုင်လာခဲ့ကြသော တိုင်းရင်းသားပြည်သူများအပေါ်တွင် လက်နက်အားကိုးဖြင့် အနိုင်ကျင့်နှိပ်စက်ကြသည်။ လူမျိုးရေး၊ ဒေသရေး၊ နိုင်ငံရေးတို့ကို အကြောင်းပြ၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ်စည်းစိမ်များကို နှိပ်စက်ဖျက်ဆီးကြသည်။ ဒေသခံပြည်သူများမှာ ဘေးလွတ်ရာဒေသများသို့ ယာယီနေရပ်စွန့်ခွာသွားကြရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများ (တိုက်ပွဲရှောင်ပြည်သူများ)ဟု ဆိုရာတွင် စာနာထောက်ထားမှုမရှိသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ကာ တရားမဲ့နယ်မြေကျူးကျော်လာမှုများကြောင့် ယာယီတိုက်ပွဲရှောင်နေရသူများအပြင် အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအန္တရာယ်များကို စိုးရိမ်နေရသဖြင့် ခေတ္တနေရပ်စွန့်ခွာလာရသူများပါဝင်ကြောင်း သိရသည်။

ဘေးအန္တရာယ်များဟုဆိုရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်မှုနှင့်အလားတူသည့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီတိုက်ပွဲရှောင်နေကြရသည့် ပြည်သူများလည်းပါဝင်သည်။ ၎င်းပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့မှုများပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထည့်သွင်းမှာကြားခဲ့သည်။

ယာယီတိုက်ပွဲရှောင်နေကြရသည့် ပြည်သူများကို လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းကောက်ယူလျက်ရှိရာ ဘုန်းတော်ကြီးကျောင်းကဲ့သို့သော ယာယီခိုလှုံရာစခန်းများတွင် လာရောက်ခိုလှုံနေကြသူများအပြင် ဆွေမျိုးသားချင်းများရှိရာ ရပ်ကွက်၊ ကျေးရွာများ၊ ဝန်ထမ်းအိမ်ရာများတွင်နေထိုင်ခြင်း၊ မိမိအစီအစဉ်ဖြင့် နေအိမ်ခန်းများငှားရမ်းနေထိုင်ခြင်း၊ အခြားနည်းလမ်းများဖြင့်နေထိုင်ကြသူများမှာ အန္တရာယ်ကင်းရာ နေရာအသီးသီးတွင်ရှိနေကြောင်း သိရသည်။ ထိုသို့နေထိုင်ကြသူများအားလုံးသည် ယာယီတိုက်ပွဲရှောင်နေကြရသည့် ပြည်သူများဖြစ်၍ တိုင်းရင်းသားပြည်သူများအချင်းချင်း စာနာထောက်ထား၍ မေတ္တာတရားဖြင့် ကူညီမှုများပြုလုပ်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် “သဘာဝဘေးအန္တရာယ်” ဆိုသည့်စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုထားမှုအရ “အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုများ ဖြစ်ပွားခြင်း” တို့သည် သဘာဝဘေးအန္တရာယ်တွင် ပါဝင်သောကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို ပြုလုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ သို့ဖြစ်ရာ အကြမ်းဖက်သောင်းကျန်းသူများ လက်ချက်ကြောင့် ယာယီတိုက်ပွဲရှောင်နေကြရသည့် ပြည်သူများအား တိုင်းရင်းသားပြည်သူအချင်းချင်း ကူညီဖေးမမှုများနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများ လျာထားဆောင်ရွက်ရာတွင် အကျုံးဝင်သူအားလုံးပါဝင်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများက စာရင်းကောက်ယူရာတွင် အကျုံးဝင်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။




## မှော်ဘီမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပတ်တန်းကျေးရွာအုပ်စု တလိုင်းကုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး၂၀နှင့် ဒေသခံပြည်သူ ၁၃၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက် အင်းခရုမဂ္ဂင်ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်အပါး ၈၀၊ သာသနာ့နွယ်ဝင်သီလရှင် ၅၅ ပါးနှင့် ဒေသခံပြည်သူ ၆၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**၂၅ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား**
**တစ်စိတ်တည်း တစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့က ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

✪ ရှေ့ဖုံးမှ

တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပမည့်နေရာသို့ ရောက်ရှိကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ရေး အဖွဲ့နာယက၊ လူမျိုးပေါင်းစုံညီညွတ်ရေးအဖွဲ့ အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့် (ဖူကင်)တရုတ်အမျိုးသားအသင်း ဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့အား ခြသေ့်ရှစ်ကောင်က မင်္ဂလာ ဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ပဝါများဖြင့် ဂါရဝပြုသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူး ပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရွှေနဂါး တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးက နှစ်သစ်ကူးဆုတောင်းစကားနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲစေကြောင်း ဆုတောင်းစကား ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ရှောင်လင်ကွန်ဖူး သရုပ်ပြသခြင်းများကို ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအဖွဲ့နာယက၊ လူမျိုးပေါင်းစုံညီညွတ်ရေးအဖွဲ့အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့်(ဖူကင်)တရုတ်အမျိုးသားအသင်းဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရှောင်လင်ဘုန်းတော်ကြီးများထံ ဗုဒ္ဓရုပ်ပွားတော်များနှင့် သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းပြီး ရှောင်လင်ဘုန်းတော်ကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား အမှတ်တရလက်ဆောင်များပြန်လည်ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များ၊ ရှောင်လင်ဘုန်းတော်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

ထို့နောက်ဖျော်ဖြေရေးအဖွဲ့များက တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများသည် China Town တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် တရုတ်ရိုးရာ အစားအစာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားတွင် ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

ဆက်လက်၍ မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာခြင်္သေ့အရုပ်အား ဆေးခြယ်အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကိုပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်ရိုးရာခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးကြကာ တရုတ်ရိုးရာခြင်္သေ့အကအဖွဲ့က ဂါရဝပြုကပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အခမ်းအနားတက်ရောက်လာကြသူများ ရှောင်လင်ကွန်ဖူး သရုပ်ပြသခြင်းကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းကမှ ယနေ့တိုင်အောင်တည်ရှိနေပြီး ကမ္ဘာ့သမိုင်းမှာ အရှည်ကြာဆုံးသောယဉ်ကျေးမှုသမိုင်း မှတ်တမ်းကို ထိန်းသိမ်းထားနိုင်သည်ကိုလေ့လာသိရှိရကြောင်း၊ တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအရ နွေဦးပွဲတော်ဟုခေါ်ဆိုသည့် နှစ်သစ်ကူးပွဲတော်ကိုလည်း လွန်ခဲ့သည့်နှစ်ပေါင်း ၃၅၀၀ ကျော်ကတည်းက ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းကျင်းပခဲ့ကြသည်ကို ဂုဏ်ယူဖွယ်လေ့လာတွေ့ရှိရကြောင်း၊ တရုတ်ရိုးရာအရ ယခု ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံက တရုတ်ရိုးရာရာသီခွင် ၁၂ ပါးထဲမှ မြွေနှစ်ဖြစ်သည်ကိုသိရှိရကြောင်း၊ မြွေနှစ်သည် ဉာဏ်ပညာ၊ မဟာဗျူဟာပြောင်းလဲခြင်း၊ အသစ်တစ်ဖန်ပြန်လည်ဖွဲ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်း အဓိပ္ပာယ်ဟုယူဆကြသည်ကို သိရှိရကြောင်း၊ တရုတ်ပြည်သူတို့၏ မျှော်လင့်ချက်များ ပြည့်ဝအောင် တိုးတက်ပြောင်းလဲခြင်းများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကိုကြည့်ပါကလည်း မှတ်တမ်းများအရ ခရစ်နှစ် ၉၀၁ ခုနှစ်က စတင်ခဲ့ခြင်းကြောင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့နှစ်ပေါင်း ထောင်ချီခဲ့သည့် ဆက်ဆံရေးနှင့် ရှည်လျားသည့် နယ်နိမိတ် ထိစပ်နေခြင်းကြောင့်လည်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူ ပူအမျှ အသိုက်အဝန်းထူထောင်ရေး စသည့် ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် ရှေ့ဆက်ပြီးတော့လည်း တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသောကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံနှင့် ပတ်သက်၍လည်း မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံ အဖြစ် ဆက်လက် ရပ်တည်သွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်းတွင် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးခိုင်မာနေမှုကိုပြသနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလထဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို သွားရောက်ခဲ့ပြီး မဟာမဲခေါင် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်အပြင် အခမ်းအနားကို တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်လည်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

»»» စာမျက်နှာ ၄ မှ

တရုတ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ်တွင်လည်း တရုတ်နိုင်ငံဝန်ကြီးချုပ်က တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း အတည်ပြုဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ပြည်တွင်း တည်ငြိမ် အေးချမ်းရေးနှင့် ပတ်သက်ပြီး အပြည့်အဝ ထောက်ခံကူညီ အားပေးမည့် အချက်များ၊ မိမိတို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ထောက်ခံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံရေးအရ၊ ယုံကြည်မှုအရ ပိုမိုတိုးတက်စေရေးဆောင်ရွက်သွားမည့်အချက်များ စသည်များကို ထပ်လောင်းအတည်ပြုဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအပေါ် တရုတ်နိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်များ၏ အတည်ပြုဆွေးနွေးချက်များနှင့် ကူညီထောက်ပံ့မှုများသည် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေအဖြစ် တည်ရှိနေမှုကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါ



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှစ်သစ်ဆုတောင်းစကားပြောကြားစဉ်။

ရပ်တည်ချက် အတွက်လည်း မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

မိမိအနေဖြင့် ကူမင်းမြို့တွင် တရုတ်ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပြောပြခွင့်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွသည့် အမြင်နှင့် ထက်သန်သည့်ပူးပေါင်းဆောင်ရွက်လိုမှုများကို မြင်ခဲ့ရပြီး မိမိတို့နိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကူမင်း၊ ချုံချင့်၊ ရှန်းကျန့်မြို့များတွင် ရှိသည့် အထင်ကရနေရာများ၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာခဲ့ပြီး တရုတ်လူမျိုးတို့၏ ကြိုးစားအားထုတ်မှု အသီးအပွင့်များကို မြင်တွေ့ခဲ့ရကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စစ်မှန် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည် လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်သည့် အရွေ့များဖြစ်ပေါ်လာမှုသည် မိမိတို့၏ ခိုင်မာသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ အားပေးကူညီမှုများကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအပေါ် အခိုင်အမာထောက်ခံပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထား ကူညီဆောင်ရွက် ပေးနေမှုများအတွက်လည်း တရုတ်နိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံသူ နိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန် ပန်ကြားလိုကြောင်း။

**အပြန်အလှန် ဖေးမကူညီခဲ့ကြ**

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ထူထောင်နိုင်ခဲ့ခြင်းကြောင့် လာမည့် ဇွန် ၈ ရက် ဆိုပါက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်တိုင်တိုင် စိန်ရတုကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုအပေါ်အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံကြုံတွေ့လာသည့်အရေးကိစ္စများတွင်တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဖေးမကူညီခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ စတင်ထူထောင်ခြင်းအပေါ် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါ အချိန်ကတည်းက ရပ်တည်ခဲ့သည့်တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလည်း ဒီနေ့အချိန်အထိ ခိုင်ခိုင်မာမာရပ်တည်နေသည့်နိုင်ငံဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံကို တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း လာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကလည်း နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ယနေ့တိုင် လက်ကိုင်ထားကျင့်သုံး နေကြခြင်းကြောင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပြယုဂ်အမှန်ကို ဖော်ထုတ်ပြသနေကြဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ရှည်လျားလှသည့် သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံ ဆက်ဆံရေးတည်ရှိမှု၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ်မှစပြီး တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့သတ်မှတ်ပေးမှုသည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားအပေါ် အလေးထားအသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ ရေရှည်ကိုမြော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့်စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အလေးအနက် ထောက်ခံခြင်းလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မလိုလားကြသည့် ပြည်တွင်းပြည်ပကအဖွဲ့များအနေဖြင့်လည်း နည်းလမ်းမျိုးစုံအသုံးပြုပြီး သွေးခွဲနေကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ တာဝန်ရှိသူများနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံးက အထူးဂရုစိုက်ရန်လိုကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုသားလို့ အကြားမထင်သလို ဘယ်လိုနည်းလမ်းနှင့် လုပ်ရပ်မျိုးကမှ ပျက်ပြားအောင် လုပ်၍မရဘူးဆိုသည်ကို သက်သေပြနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာပြည်သူများ၊ မြန်မာနိုင်ငံအတွင်းတွင်ရှိကြသည့် တရုတ်-မြန်မာ အသင်းအဖွဲ့များ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသားများအနေဖြင့် နိုင်ငံချစ်စိတ်များ၊ အေးအတူပူအမျှ အတူတူနေထိုင်သွားကြမည် ဆိုသည့်စိတ်များနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံကို ခိုင်မာသည့် ထာဝရအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အားလုံးက ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

**ပိုမိုအကျိုးရှိသော ရလဒ်များဖြစ်ထွန်း**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်း စကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သည် တရုတ်လူမျိုးတို့၏ အရေးအကြီးဆုံး ပွဲတော်ဖြစ်ပြီး မြွေနှစ်ကိုပျော်ရွှင်စွာကြိုဆိုရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် တရုတ်လူမျိုးများသည် တောတောင်ရေမြေများကို ကျော်ဖြတ်ပြီး သာယာလှပသည့် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြကာ စီးပွားရေးအသက်မွေးဝမ်းကျောင်းများလုပ်ကိုင်၍ အေးချမ်းစွာ အခြေချ နေထိုင်ခဲ့ကြပါကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသည့် မြန်မာပြည်ဟူသည့် မိသားစုကြီးနှင့် တက်ကြွစွာ ပေါင်းစပ်နေထိုင်ကြပြီး မြန်မာနိုင်ငံစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် အရေးပါသည့် ပါဝင်ဆောင်ရွက်သူ၊ ပေးဆပ်သူများ ဖြစ်ကြပါကြောင်း၊ ယခုနှစ်များအတွင်း နှစ်နိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ဘာသာရေးစသည့် နယ်ပယ်အသီးသီးတွင် အပြန်အလှန်ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်မှုကိုကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုနှစ်သည် တရုတ်နှင့် မြန်မာသံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်မြောက်နှစ်ပတ်လည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ဂရုစိုက်မှုနှင့်အတူ နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုအကျိုးရှိသော ရလဒ်များကို ဖြစ်ထွန်းစေပြီး အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ခြင်းအတွက် တိုးတက်မှုအသစ်များ ရရှိပြီး နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်သစ်တွင် မိမိတို့ အတူလက်တွဲပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့် အနေဖြင့် ဆက်လက်ပါဝင်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ၏ လှပသည့် အနာဂတ်ကို အတူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက် သာယာဝပြောပြီး ငြိမ်းချမ်းပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံမှ အထူးလာရောက် ဖျော်ဖြေသည့် တယ်ဟုန်စာပေနှင့် အနုပညာ ယဉ်ကျေးမှုအဖွဲ့က ဖျော်ဖြေတင်ဆက်ခြင်း၊ ရှောင်လင်ကိုယ်တော်များက သိုင်းသရုပ်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များက အဆိုအကများ၊ တေးသရုပ်ဖော်များ၊ တရုတ်-မြန်မာ ချစ်ကြည်ရေး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တရုတ် ယဉ်ကျေးမှုအဖွဲ့များက တရုတ်ရိုးရာ တေးသီချင်းများ၊ တူရိယာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေခြင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများဆောင်ရွက်ကြပြီး သီဆိုဖျော်ဖြေရာတွင် UNESCO မှ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပထမဆုံးထည့်သွင်းခဲ့သည့်အတွက် ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်အနေဖြင့် မြဝတီတေးဂီတအဖွဲ့က "ခေတ်လေးခေတ်" သင်္ကြန်သီချင်းဖြင့် ဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြသည်။

**အမှတ်တရလက်ဆောင် ပန်းခြင်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံမှလာရောက်သည့် တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များကို အမှတ်တရလက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာအနုပညာရှင်များနှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်-မြန်မာချစ်ကြည်ရေး Theme Song ဖြစ်သည့် "ပန်းတိုင်းပွင့်ပါစေ" သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အများသူငှာ လုပ်ဆောင်နိုင်ရန်ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှု၊ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အုပ်ချုပ်ပုံနည်းစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပြည်သူတစ်ရပ်လုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဖော်ဆောင်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုတို့ကို ဦးစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မည်သည့်တပ်ဖွဲ့၊ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ရေးသတိ၊ စစ်ရေးအသိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိ ထိရောက်အောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ သင်ကြားပေးထားသည့် အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရန်အတွက် အမြဲမပြတ် လေ့ကျင့်နေရမည်ဖြစ်ပြီး အသက်အရွယ်နှင့် ညီမျှသည့် ကျန်းမာကြံ့ခိုင်မှုများနှင့် သန်စွမ်းမှုများရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်လာပါက မိမိတို့၏ တာဝန်များကို ရဲရဲဝံ့ဝံ့ဖြင့် ထမ်းဆောင်နိုင်ရမည် ဖြစ်ပြီး လုပ်ရဲကိုင်ရဲသည့် စိတ်များနှင့် လုပ်ချင်ကိုင်ချင်စိတ်များ ရှိရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်း ကိုင်တွယ်အသုံးပြုရသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

### မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လို

တပ်မတော်သားများအနေဖြင့် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှု မပါရှိဘဲ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လိုသည့် စိတ်များဖြင့် တပ်မတော်အတွင်းသို့ဝင်ရောက် အမှုထမ်းခဲ့ကြသူများ ဖြစ်သဖြင့် မိမိတို့၏ စစ်သားဘဝကို ခံ့မင်မြတ်နိုးတန်ဖိုးထားရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကို ခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြသဖြင့် အများသူငှာ လုပ်ဆောင်နိုင်ရန် ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန် လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လုပ်ဆောင်ရမည့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့ကျင့်ရေးနှင့် ပတ်သက်၍ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက **သူတစ်ပါး၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်**သဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့လာအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့်ပတ်သက်လာပါက "ချွေးထွက်များမှ သွေးထွက်နည်းမည်" ဖြစ်သဖြင့် စစ်သားကောင်း တစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများနှင့်ပတ်သက်၍ ညီညွတ်မျှတသည့် အုပ်ချုပ်ကွပ်ကဲမှုပုံစံ ရှိရမည်ဖြစ်ပြီး လူတို့၏သဘောသဘာဝကို သိရှိခြင်းဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ ကျောရိုးသည် စည်းကမ်းဖြစ်ပြီး စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်၊ မဖြစ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်း ကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကိုအလေးထားလိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း။ **စာမျက်နှာ ၇ သို့** ★

★ **တပ်မတော်သားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လိုသည့်စိတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက် အမှုထမ်းခဲ့ကြသူများဖြစ်သဖြင့် မိမိတို့၏စစ်သားဘဝကို ခံ့မင်မြတ်နိုးတန်ဖိုးထားရန်လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လို**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်) နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ(လေးထောင့်ကန်) သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က ၂၀၂၂ ခုနှစ် မေလ အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် လာရောက် စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည် ဖော် ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့်ဆက်လက် တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ မူကြိုကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း တည်ဆောက်ရန် လျာထားမှုနှင့် လက်ရှိ တက်ရောက်နေမှု၊ အားကစားကွင်းများနှင့် ကလေးကစားကွင်းများ ထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အိမ်ရာဆောင်ရွက်ခဲ့မှု သမိုင်းကြောင်းနှင့် မြေအသုံးချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့ သားကောင်းအဆင့်မြင့် စစ်မှုထမ်း ဟောင်းအိမ်ရာ (လေးထောင့်ကန်) အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်း ဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုသည့် စံပြုအိမ်ရာတစ်ခု အဖြစ် ရည်မှန်းဆောင်ရွက်သွား ရန်လိုကြောင်း၊ အိမ်ရာအတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် စီမံကိန်း လိုအပ်ချက်နှင့် ကိုက်ညီသည့် ဆိုလာ လျှပ်စစ်ဓာတ်အားထုတ် လုပ်ရေးစီမံကိန်းတစ်ခုကိုလည်း စနစ်တကျတွက်ချက်၍ ထည့် သွင်း ဆောင်ရွက်သွားရန်လို ကြောင်း၊ အိမ်ရာများဆောက် လုပ်ရာတွင် မြေကို အကျိုးရှိရှိနှင့် အကွက်ကျကျ အသုံးချနိုင်ရေး စနစ်တကျ တွက်ချက်ဆောင် ရွက်သွားရန်လိုကြောင်း၊ လက်ရှိ အချိန်အထိ အိမ်ရာဝင်းတစ်ခု အတွင်း၌ပင် အိမ်ခန်းပေါင်း ၄၀၀၀ ကျော်ကို ဆောင်ရွက်ပေး နိုင်ခဲ့ပြီး မြို့ငယ်တစ်မြို့ကဲ့သို့

**စာမျက်နှာ ၈ သို့ ◆**

**★ စာမျက်နှာ ၆ မှ**

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ အုပ်ချုပ်မှုနှင့် သက်သာ ချောင်ချိရေးသည် ဆက်စပ်လျက်ရှိပြီး အုပ်ချုပ်မှု အားကောင်းခြင်းဖြင့် သက်သာ ချောင်ချိရေးကို ဖော်ဆောင်ပေး နိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အား ကောင်းပါက စိတ်ဓာတ်သည် လည်း အလိုလိုကောင်းလာမည် ဖြစ်ကြောင်း၊ တပ်မတော်အနေ ဖြင့် စစ်သည်အဆင့်အတန်း အားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစား ခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန် ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိ အောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော် ဆောင်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့ကို ကိုယ်ရေးကိုယ်တာ အခက်အခဲ၊ အကျပ်အတည်းများ ကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း အနေဖြင့်လည်း မိမိကိုယ်ကို အကျိုး မဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီ အသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက် တွန်းမှာကြားလိုကြောင်း၊ မိမိတို့ ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီး နိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေ မျှတမှုရှိစေရေး အသုံးနှင့်အဖြုန်း ကို ခွဲခြားသိရှိဆောင်ရွက်ကြစေ လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ယခင် ကတည်းကပင် အားပေးဆောင် ရွက်ခဲ့ပြီး အမြတ်ကို အဓိက မဟုတ်ဘဲ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာ သောနှုန်းထားများဖြင့် ဝယ်ယူ စားသုံးနိုင်ရေး အားပေးဆောင် ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ ကြောင့် တပ်ပိုင်နှင့် တစ်ပိုင် တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိတို့ တစ်မိသားစုချင်းနှင့် မိမိတို့ တပ်ဖွဲ့၏ သက်သာချောင်ချိမှု ကို ဆောင်ရွက်သွားကြရန် လို ကြောင်း၊ မိမိတို့တပ်ဖွဲ့တွင်း ရောင်းချပြီး ပိုလျှံသည်များကို ပြင်ပမှ ဝန်ထမ်းများ၊ ဒေသခံများ သို့ သက်သာသောနှုန်းထားများ ဖြင့် ရောင်းချပေးခြင်းဖြင့်လည်း ဒေသ၏ သက်သာချောင်ချိမှု ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

တပ်တည်ဆောက်ရေးလုပ်ငန်း ရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိ ရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခု နှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ကောင်းမွန်သည့် စိတ်ဓာတ် မွေးမြူရန်သည် စစ်သည်တစ်ဦး တစ်ယောက်ချင်းစီတွင် တာဝန် ရှိကြောင်း၊ ကွပ်ကဲကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး တို့ကို မှန်မှန်ကန်ကန် ဆောင်ရွက်ပေး ခြင်းဖြင့် စစ်သည်များ စိတ်ဓာတ် ကောင်းမွန်အောင် ဆောင်ရွက်ပေး နိုင်ရန်လိုကြောင်း၊ အားကစား ပြိုင်ပွဲများ၊ အခါအားလျော်စွာ ကျင်းပသည့် ပျော်ပွဲရွှင်ပွဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည် များကို တတ်နိုင်သရွေ့ဖြည့်ဆည်း ပေးခြင်းများဖြင့် စိတ်ဓာတ် ကောင်းမွန်မှုကို ဖန်တီးပေးနိုင် မည်ဖြစ်ကြောင်း။

တစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်စေရေးအတွက် စာပေ ဖတ်မှတ်လေ့လာသွားရန် မဖြစ် မနေ လိုအပ်မည်ဖြစ်သဖြင့် မိမိ ကိုယ်ကို အကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတလေ့လာခြင်းများ ကို ဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာ များကိုမှတ်သားခြင်း၊ လက်တွေ့ ကြုံတွေ့လာရသည့် အခြေအနေ တွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိ တို့ သိရှိထားသည့် အကြောင်း အရာများကို အခြားသူများ ကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့် ကောင်းတစ်ခုပင် ဖြစ်ကြောင်း၊ “ရေအသက် တစ်မနက်၊ ထမင်း အသက် ခုနစ်ရက်” ဖြစ်သကဲ့သို့ စာမတတ်လျှင် တစ်သက်လုံး အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့ရနိုင်မည်ဖြစ်ပြီး ဘဝ တိုးတက်ရေးအတွက် အခက်အခဲ များ ကြုံတွေ့ရနိုင်မည်ဖြစ်သဖြင့် စာပေဖတ်မှတ် လေ့လာခြင်းကို အမြဲမပြတ် ဆောင်ရွက်သွားကြ ရန် တိုက်တွန်းမှာကြားလိုကြောင်း မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေး အပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

◆ စာမျက်နှာ ၇ မှ

ဖြစ်လာပြီဖြစ်ပြီဖြစ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရန် လိုကြောင်းပြောကြားပြီး အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာသန့်ရှင်းသာယာလှပရေး၊ ရေသွင်းရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူများကို မှာကြား၍ အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် (အငြိမ်းစား)နှင့် တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူတို့က စီမံကိန်းအကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရာနှုန်းပြည့်ပြီးစီးပါက မြင်တွေ့ရမည့်ပုံစံများ၊ အဓိကကျသည့် လုပ်ငန်းကြီးများ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခု Shopping Complex ကို ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ပြည်သူများနှင့် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)တွင် နေထိုင်သူများ၏ လူနေမှုအဆင့်မြင့်တင်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရေ၊ မီးစနစ်များ အသုံးပြုရန် အတွက် လိုအပ်သည့်လျှပ်စစ်မီး အချိန်ပြည့်ရရှိစေရေး Roof Top တွင် ဆိုလာပြားတပ်ဆင်ရန်နှင့် စီမံကိန်းမြေနေရာ၏ အခြား မြေလွတ် နေရာများတွင်လည်း ဆိုလာ လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များကိုလည်း ယခုကတည်းကပင် စနစ်တကျဖြင့် စိုက်ပျိုးသွားရန် လိုကြောင်း၊ ရေထုတ်စနစ်များ ကောင်းမွန်စေရေးအတွက်လည်း တွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့အတွင်းရှိ လမ်းများအနေဖြင့်လည်း လမ်းနယ်များ စနစ်တကျရှိရမည်ဖြစ်ပြီး ရေဝင်ရေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ငွေပင်လယ် အသားတိုးနွားမွေးမြူရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထွက်ရှိလာသည့် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်မှု၊ အအေးခန်းစက်ရုံ (လှိုင်သာယာ)၏ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စွန်ရဲအင်းမွေးမြူရေးဇုန်၌ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ ဆိတ်မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် အစာစပ်စက်ရုံ တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၉ သို့ ◆

- ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး စားရေးဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်
- တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာ ရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက ရှင်းလင်းတင်ပြစဉ်။

◆ စာမျက်နှာ ၈ မှ

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရန်ကုန်တိုင်းဒေသ ကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန် များ ဖော်ဆောင်၍ ဆောင်ရွက် လျက်ရှိခြင်းသည် ဒေသတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှု ရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသ ကြီးတွင် လူဦးရေ ခုနစ်သန်းကျော် ရှိပြီး စားရေးဖူလုံမှုရှိစေရေး အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အတွင်း စက်ရုံ၊ အလုပ်ရုံ များစွာ ရှိပြီး လူဦးရေများပြားစွာရှိနေခြင်း ကြောင့် ဝယ်လိုအားနှင့် ရောင်းလို အား မျှတစေရန်နှင့် အခြေခံ စားကုန်များ ကုန်ဈေးနှုန်းကြီးမြင့် မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက် နေခြင်းဖြစ်ကြောင်း။

မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းများ၌ သာမက ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင် မွေးမြူရေးသည်ပင် စနစ်ကျန သည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ရန်လိုပြီး အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ မွေးမြူရေး အစာ ကုန်ကြမ်းများ မပြတ်ရရှိ ရေးကိုလည်း စီမံဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အလားတူ ဟင်းသီး ဟင်းရွက်များ ဖူလုံစွာထုတ်လုပ် နိုင်ရေးအတွက်လည်း ဆောင်ရွက် သွားရန်လိုကြောင်း၊ အခြေခံ စားကုန်များကို များများထုတ်လုပ် နိုင်မှသာလျှင် ကုန်ဈေးနှုန်း ကြီးမြင့်မှုများသည်လည်း လျော့ကျ လာမည်ဖြစ်သဖြင့် အောင်မြင် အောင် ဆောင်ရွက်သွားရန်လို ကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်း များ ဆောင်ရွက်ရာတွင် မိရိုးဖလာ သမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေး ဖြစ်ရန်လို ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် အောင်မြင်နေ သည့်နိုင်ငံများ၏ စိုက်ပျိုးရေး နည်းလမ်းများ၊ မွေးမြူရေး နည်းလမ်းများကိုလည်း အမြဲမပြတ် လေ့လာ၍ အတုယူဆောင်ရွက် ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုး မွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါ ဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစား နမူနာ ပြသထားရှိမှုများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသ ထားမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် သည် သီလဝါဘက်စုံစိုက်ပျိုး မွေးမြူရေးဇုန်အတွင်း မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၅

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်း သွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူ များ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက် ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ အခြေ ပြု၍ အဆိုပါရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများ မှ ဒေသခံပြည်သူ ၅၂၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၁၅၂ ဦး၊ ခွဲစိတ်ရောဂါ ၁၂ ဦး၊ သားဖွား/ မီးယပ်ရောဂါ ခုနစ်ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၅၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၁၄၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းတို့အနက် အထွေထွေ ခွဲစိတ်လူနာ ငါးဦး၊ ခာတ်မှန်ရိုက်လူနာ ၃၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၁၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့်လူနာ သုံးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို (၂၄-၁၂-၂၀၂၄) ရက်နေ့မှ (၂၅-၁-၂၀၂၅)ရက်နေ့အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ သက်တော် ၄၅ နှစ်၊ သိက္ခာ ၂၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ (၁၇)ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၇)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ (၇၆)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ (၇၆)ကြိမ်မြောက် တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၆ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၆ ခုနှစ် (၂၀၂၅ ခုနှစ်) (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ၁၇ ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို "တိပိဋကဓရ"ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋကကောဝိဒ"ဘွဲ့အတွက် သဘောရေးဖြေ စာမေးပွဲ ဖြေဆိုရကြောင်း သိရသည်။

**သတင်းစဉ်**

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌဉာဏာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်**

**အရှင်သေဋ္ဌဉာဏာလင်္ကာရသည်** စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာ ခမည်းတော် ဦးတင်စော+ မယ်တော်ဒေါ်အုံးခ တို့မှ ၁၃၄၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၄ ရက် သောကြာနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

၁၃၆၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် စော်ဘွားလေး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုလ္လန္ဒာစာရကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် မလိခလမ်း ၁၁(က) ဦးထူးအောင်ကြီး+ ဒေါ်ပြုံးပြုံးထွေးမိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာ ဒေါ်စောကြွယ်နှင့် ဦးတင်စော + ဒေါ်အုံးခ မိသားစု၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်း ဦးအောင်ကြီး+ဒေါ်မိုးမိုးအောင် (မြန်မာ့အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့်+ဒေါ်အေးပို မိသားစု၊ ရဲမှူးကြီး ချစ်ရင်+ဒေါ်ခင်စန်းမြင့် မိသားစု၊ ဦးကျင်စိန်+ဒေါ်နီနီအေး၊ သမီး မမော်လီလင်း(သ-ဖ ထရေးဒင်းကုမ္ပဏီလီမိတက်)မိသားစု၊ ဦးမိန်သက်+ ဒေါ်သန်းသန်းမော် (သရီးဂိုလ်းစတားကုမ္ပဏီ)မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ကျေးဇူးရှင်ဆရာတော်ကြီးများ**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာ ဥပ္ပလွင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)မိုင် စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုလ္လန္ဒာစာရ၊ ဘဒ္ဒန္တဇောတိကနှင့် စာချဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ဘဒ္ဒန္တကဝိဓဇ၊ ဘဒ္ဒန္တဉာဏိဿရ၊ အရှင်ဉာဏကုသလ (ဥဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်စန္ဒန(ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ကုလ္လဝွေဘာသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ပညာဝံသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်သိရီဒတ္တာလင်္ကာရ (ဒွိပိဋကကောဝိဒ)၊ အရှင်ကုလ္လန္ဒာဓမ္မ၊ အရှင်ပညာစာရ၊ အရှင်ဝေပုလ္လာလင်္ကာရ (ဒွိပိဋကဓရ၊ ပါဠိပါရဂူ)၊ အရှင်ဓမ္မရက္ခိတာလင်္ကာရ (ဝိသိဋ္ဌဝိနယဓရ၊ ဉဘတောဝိဘင်္ဂကောဝိဒ)၊ အရှင်ကုလ္လန္ဒာဝုဓာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တသီတလ (ဒွိပိဋကဓရ)၊ အရှင်ဝါသေဋ္ဌာလင်္ကာရ (တိပိဋကဓရ)၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသောဘဏ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တတေဇနိယ (ပဋ္ဌာန်းအလင်းရောင်)၊ ဘဒ္ဒန္တပဝရာဘိဝံသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ (သ-စ-အဓမ္မာစရိယ၊ ဝဋ္ဋံသကာ)နှင့် စာချဘုန်းကြီးများ၊ ရန်ကင်းတောင် ဥယျာဉ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇောတိက(အမ်အေ)နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တသြဘာသာဘိဝံသ (ဒွိပိဋကကောဝိဒ၊ ဝိသိဋ္ဌမူလအာဘိဓမ္မိက)၊ ဘဒ္ဒန္တကုလ္လန္ဒက အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် (အုန်းတော)၊ ဘဒ္ဒန္တဝိရောစန မဟာသုခါရာမကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ဘဒ္ဒန္တနာဂိတ ရွှေပြည်သာပရိယတ္တိစာသင်တိုက် ရွှေပြည်သာမြို့နယ် စသည့်ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

**အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ**

ဂဏဝါစကသာမဏေကျော် (၁၃၅၈)ခုနှစ်၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်(၁၃၅၈)ခုနှစ်၊ ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော်(၁၃၅၉)ခုနှစ်၊ မင်္ဂလာဗျူဟာသာမဏေကျော်(၁၃၆၀)ပြည့်နှစ်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်ဘွဲ့များ(၁၃၆၀)ပြည့်နှစ်၊ (၁၃၆၁)ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံး ဒုတိယ)၊ သာသနဓဇဓမ္မာစရိယ(၁၃၆၂)ခုနှစ်၊ နိကာယဒ္ဓေါတက ဝိနယဓရဓမ္မာစရိယ(၁၃၆၉)ခုနှစ်၊ နိကာယဒ္ဓေါတကအတ္ထဝိသာရဒဒီဃဘာဏက(၁၃၇၁)ခုနှစ်၊ နိကာယဝုမိုသမိတိ ဝိနယကောဝိဒ(၁၃၇၀)ပြည့်နှစ်၊ နိကာယဝုမိုသမိတိ ဒီဃနိကာယကောဝိဒ (၁၃၇၃)ခုနှစ်၊ ပရိယတ္တိသာသနဟိတဝိနယဓရ(၁၃၆၉)ခုနှစ်၊ ပရိယတ္တိသာသနဟိတဒီဃ ဘာဏက(၁၃၇၁)ခုနှစ်၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ (၁၃၇၃)ခုနှစ်၊ မဟာဂန္ထဝံသမူလအာဘိဓမ္မာဂမ (၁၃၇၇) ခုနှစ်၊ ဝိနယဝိဒူ (၁၃၆၁)ခုနှစ်၊ ဒီဃနိကာယဝိဒူ (၁၃၇၁)ခုနှစ်၊ အဘိဓမ္မဝိဒူ-၁(၁၃၈၃)ခုနှစ်၊ အဘိဓမ္မဝိဒူ-၂(၁၃၈၅) ခုနှစ်၊ ဉဘတောဝိဘင်္ဂဓရ(၁၃၆၃)ခုနှစ်၊ ဉဘတောဝိဘင်္ဂကောဝိဒ (၁၃၆၇)ခုနှစ်၊ ဝိနယဓရ(၁၃၆၉)ခုနှစ်၊ ဝိနယကောဝိဒ(၁၃၇၀)ပြည့်နှစ်၊ ဒီဃဘာဏက(၁၃၇၁)ခုနှစ်၊ ဒီဃနိကာယကောဝိဒ(၁၃၇၃)ခုနှစ်၊ မူလအာဘိဓမ္မိက(၁၃၇၄)ခုနှစ်၊ မူလအာဘိဓမ္မကောဝိဒ(၁၃၇၇)ခုနှစ်နှင့် တိပိဋကဓရဘွဲ့(၁၃၇၉)ခုနှစ်တို့ကို အောင်မြင်ခဲ့ပါသည်။

**အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်**

ယခုနှစ် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်**

ယခုအခါ အရှင်သေဋ္ဌဉာဏာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) (တပည့်နှစ်ဦးအပါအဝင်)ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ(အာဂုံ) စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင် ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၁ | ၁ | - | |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၄ | ၁ | - | |
| ၃ | ဒီဃနိကာယ် | ၁၃ | ၁၁ | ၁၁ | ၁၀၀% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၁၁၉ | ၇၃ | ၂၉ | ၃၉.၇၃% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၃၃ | ၉၁ | ၄၆ | ၅၀.၅၅% |
| စုစုပေါင်း | | ၂၇၀ | ၁၇၇ | ၈၆ | ၄၈.၅၉% |

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင် ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၄ | ၄ | ၁ | ၂၅% |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၁၇ | ၁၅ | - | |
| ၃ | ဒီဃနိကာယ် | ၃၈ | ၃၅ | ၂ | ၅.၇၁% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၁ | ၁.၈၉% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၂၆ | ၁၁၃ | ၇ | ၆.၁၉% |
| စုစုပေါင်း | | ၂၄၃ | ၂၂၀ | ၁၁ | ၅% |

# တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၂)ရက်(စနေနေ့) ၂၅-၁-၂၀၂၅ ရက်၊ နံနက် ၀၈:၀၀ နာရီ အချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်း (၂/၇၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည် -

**သဘောရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင် အဘိဓမ္မကောဝိဒ**
**တိပိဋကဓရ တိပိဋကကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၂၇၄) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၄၅)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ(၂)ပါး**

၁။ ပလ္လင်အမှတ် (၃၁၅) အရှင်ပညာဇောလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၂၂) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်**
**ဝိနယကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၃၈၃) အရှင်လာဘသာမီလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၇)ပါး**

၁။ ပလ္လင်အမှတ် (၃၉၂) အရှင်နန္ဒိယ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄၄၅) အရှင်လက္ခဏာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၄၅၅) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၄၆၉) အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ
မစိုးရိမ်တိုက်သစ်၊ ဓမ္မဒါယာဒကျောင်း၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၄၇၅) အရှင်တိလောကာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၉၂) အရှင်ဇဝန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၄၉၇) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

| | |
|---|---|
| ဘဒ္ဒန္တပညိဿရာဘိဝံသ | ဘဒ္ဒန္တဥေ ယျာဘိဝံသ |
| (အဘိဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဥက္ကဋ္ဌဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့

# တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံပြန်အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၃)ရက် (ကြာသပတေးနေ့) ၁၆-၁-၂၀၂၅ ရက်၊ နံနက် ၀၈:၀၀ နာရီ အချိန်တွင်ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန်အရှင်မြတ်များအား သဘောရေးဖြေ ခွင့်ပြုလိုက်သည်-

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**
**ဒီဃဘာဏက(၁၁)ပါး**

၁။ ပလ္လင်အမှတ် (၇) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၉) အရှင်တိလောက၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၁၀) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၆)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၁၁) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**(ဝိသိဋ္ဌ)**

၅။ ပလ္လင်အမှတ် (၁၂) အရှင်ဝိသုတာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၁၃) အရှင်ဝိလာသ(တွံတေး)၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၉)ဝါ
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၁၄) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၁၅) အရှင်ဝိမလာလင်္ကာရ(ရွှေဘို)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၁၆) အရှင်ဝိညာဏဇောတ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**(ဝိသိဋ္ဌ)**

၁၀။ ပလ္လင်အမှတ် (၁၇) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၁၈) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ(၂၉)ပါး**

၁။ ပလ္လင်အမှတ် (၂၇) အရှင်ဉာဏုတ္တရာဘိဝံသ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၂၈) အရှင်ခေမိန္ဒ(မြိတ်)၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁) အရှင်သောမသိရီ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၈) အရှင်ဝိသုတ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၃၉) အရှင်ဓမ္မိကာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ
ဓမ္မအလင်္ကာကျောင်းတိုက်၊ လှိုင်ဘော်မြို့၊ ကယားပြည်နယ်။

၆။ ပလ္လင်အမှတ် (၄၄) အရှင်တေဇောဘာသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၇။ ပလ္လင်အမှတ် (၄၇) အရှင်ပညာဇောတာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့နယ်၊
ရှမ်းပြည်နယ်(တောင်ပိုင်း)။

၈။ ပလ္လင်အမှတ် (၅၁) အရှင်ပဏ္ဍိတ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၅၃) အရှင်ဇဝန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**စာမျက်နှာ ၁၂ သို့ ☆**

☆ စာမျက်နှာ ၁၁ မှ

၁၀။ ပလ္လင်အမှတ် (၅၅) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၉)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၆) အရှင်တေဇနိယာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၁၂။ ပလ္လင်အမှတ် (၅၇) အရှင်ကဝိနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၅၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ် (၅၉) အရှင်ဝိဇာတာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၆၀) အရှင်ကိတ္တိဉာဏာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ် (၆၁) အရှင်ဉာဏောဘာသာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ် (၆၂) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ် (၈၁) အရှင်ခေမာနန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ် (၉၄) အရှင်ဩဘာသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
မင်းကွန်းဓမ္မရောင်ခြည်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ် (၉၇) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ် (၁၀၀) အရှင်ခေမာနန္ဒ(နတ်တလင်း)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ် (၁၀၄) အရှင်ဆန္ဒာဓိကာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ် (၁၁၂) အရှင်သံဝရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၂၄။ ပလ္လင်အမှတ် (၁၁၆) အရှင်ကဝိဿရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ် (၁၁၈) အရှင်သောဘိတာလင်္ကာရ(သန်လျင်)၊ အသက်(၂၇)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ် (၁၁၉) အရှင်အာသဘာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ် (၁၂၀) အရှင်ဣန္ဒဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ် (၁၂၁) အရှင်ဓမ္မိဿရာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ် (၁၂၄) အရှင်သုနန္ဒရာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂရေ(၄၆)ပါး**

၁။ ပလ္လင်အမှတ် (၁၄၁) အရှင်ကုသလာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၁၄၂) အရှင်ဣန္ဒာစာရ(ပုဂံ)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၁၄၃) အရှင်မဏ္ဍလ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။**(အထူးအောင်)**

၄။ ပလ္လင်အမှတ် (၁၄၄) အရှင်သုမင်္ဂလ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၅။ ပလ္လင်အမှတ် (၁၄၅) အရှင်ကောဝိဒသိရီ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၁၄၉) အရှင်ရာဇိန္ဒ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၁၅၀) အရှင်ဓမ္မဝံသာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
မဟာခိုနန်းကျောင်းတိုက်၊ လင်းဇင်းရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၁၅၁) အရှင်ဝိသေဋ္ဌ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၁၅၃) အရှင်ဝိသေသန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၁၅၄) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
ရွှေဒါးတောရကျောင်းတိုက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၁၅၅) အရှင်အဂ္ဂီသ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ် (၁၅၉) အရှင်ဝရပညာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၁၆၀) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**(အထူးအောင်)**

၁၄။ ပလ္လင်အမှတ် (၁၆၁) အရှင်ဝိသုတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၁၆၅) အရှင်ဓမ္မိဿရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၆။ ပလ္လင်အမှတ် (၁၆၆) အရှင်တေဇာနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ် (၁၆၇) အရှင်ပညာလောက(မွန်)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ် (၁၆၈) အရှင်ဆန္ဒာဓိကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၇)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ် (၁၇၁) အရှင်ပညာသာမိ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ် (၁၈၇) အရှင်ဝဂီသ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

၂၁။ ပလ္လင်အမှတ် (၁၈၉) အရှင်ပညာနန္ဒ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ် (၁၉၀) အရှင်ခေမာစာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ် (၁၉၂) အရှင်ဣန္ဒသိရီ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ် (၂၀၀) အရှင်ဂန္ဓသာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ် (၂၀၁) အရှင်အာစိဏ္ဏာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

၂၆။ ပလ္လင်အမှတ် (၂၀၅) အရှင်ဝိမလ(နတ်မောက်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ် (၂၀၆) အရှင်ကုမုဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ် (၂၀၇) အရှင်ဇနသာရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ် (၂၀၈) အရှင်သီဟဉာဏ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ် (၂၀၉) အရှင်စန္ဒိမာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ် (၂၁၀) အရှင်ဇေယျာနန္ဒာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၂။ ပလ္လင်အမှတ် (၂၁၃) အရှင်သုန္ဒရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၃။ ပလ္လင်အမှတ် (၂၁၄) အရှင်ဉာဏိန္ဒာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၄။ ပလ္လင်အမှတ် (၂၁၆) အရှင်ဉာဏဝရာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၅။ ပလ္လင်အမှတ် (၂၁၇) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၆။ ပလ္လင်အမှတ် (၂၃၆) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ် (၂၃၈) အရှင်သိဒ္ဓိဝရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၈။ ပလ္လင်အမှတ် (၂၃၉) အရှင်ကုသလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၉။ ပလ္လင်အမှတ် (၂၄၄) အရှင်ခေမာစာရာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၀။ ပလ္လင်အမှတ် (၂၄၈) အရှင်ကောမလာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၁။ ပလ္လင်အမှတ် (၂၅၁) အရှင်ဉာဏိကာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ ရွှေဒါးတောရကျောင်းတိုက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၄၂။ ပလ္လင်အမှတ် (၂၅၂) အရှင်နန္ဒသာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၃။ ပလ္လင်အမှတ် (၂၅၄) အရှင်ဝဏ္ဏိတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၄။ ပလ္လင်အမှတ် (၂၅၆) အရှင်အသောကာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄၅။ ပလ္လင်အမှတ် (၂၅၇) အရှင်ပညာနန္ဒ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၄၆။ ပလ္လင်အမှတ် (၂၆၀) အရှင်သောဘန၊ အသက်(၂၅)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဒုတိယဥက္ကဋ္ဌဆရာတော် | ဘဒ္ဒန္တဥေ္ယျာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အကျိုးတော်ဆောင်ဆရာတော်

တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့

## ချောင်းဆုံမြို့နယ်၌ အဆင့်မြင့်လယ်ယာမြေကေ ၂၀၀ အား တောင်သူများသို့ လွှဲပြောင်းပေးအပ်

**မော်လမြိုင် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာအုပ်စု၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဖော်ထုတ်ပြီးစီးသော အဆင့်မြင့်လယ်ယာမြေကေ ၂၀၀ အား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် သဘာဝမြေဩဇာများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် မုရစ်ကြီးကျေးရွာ ကွင်းအမှတ် (၃၁၇-က)၌ ကျင်းပသည်။

ဦးစွာ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးက မွန်ပြည်နယ်အတွင်း လယ်ယာမြေအဆင့်မြှင့်တင်ခြင်းအခြေအနေများနှင့် စက်မှုလယ်ယာဦးစီးဌာန မော်လမြိုင်ခရိုင်ဦးစီးမှူးက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အရင်းအမြစ်များစွာရှိပြီး အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်မည်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေ၊ အောင်ရေရရှိရန်၊ မြေဩဇာ စနစ်တကျသုံးစွဲရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်စေရန် အလေးထားဆောင်ရွက်၍ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရန်တို့အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲကျင့်သုံး၍ ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးပါသော စိုက်ပျိုးရေးထွက်ကုန်များအား ရည်မှန်းချက်ပြည့်မီရေး၊ ဆီထွက်သီးနှံများ မြေပြင်တွင် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး ဖော်ထုတ်ပြီးစီးသော အဆင့်မြင့်လယ်ယာမြေကေ ၂၀၀ အား တောင်သူများသို့ လွှဲပြောင်းပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝမြေဩဇာများ ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များ တင်ပြတောင်းခံမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)



## မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး သီးနှံစိုက်ပျိုးမည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးက မိတ္ထီလာခရိုင်အား စံပြခရိုင်ဖြစ်စေရေးအတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကျသည့်အတွက် စိုက်ပျိုးသော သီးနှံများ အထွက်နှုန်း ကောင်းမွန်ပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီစွာထွက်ရှိစေရေး တောင်သူများနှင့် ဦးစီးဌာနများက အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၁၉ နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၅

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ၁၁၉ နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၁၉ နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အား ပြည်တွင်း၊ ပြည်ပဧည့်သည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာတိုးပွားစေရန်၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာလေ့လာမှုနှင့် သုတေသနများ ဆောင်ရွက်နိုင်စေရန်၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ မျိုးဆက်ပြန့်ပွားစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပြသပေးလျက်ရှိကြောင်း၊ ဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၄၄ မျိုး၊ ကျေးငှက် ၇၁ မျိုး၊ တွားသွားသတ္တဝါ ၂၀ စုစုပေါင်း မျိုးစိတ် ၁၃၅ မျိုးဖြင့် အကောင်ရေ ၁၄၀၀ အပြင် သဘာဝသမိုင်းပြတိုက်၊ ဆင်ပြတိုက်တို့ကိုလည်း ပြသပေးလျက်ရှိကြောင်း၊ ယခု ၁၁၉ နှစ်ပြည့်မြောက်ပြီဖြစ်သော တိရစ္ဆာန်ဥယျာဉ်သည် ဂုဏ်ယူစရာနေရာတစ်ခုဖြစ်သည့်အပြင် သဘာဝဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရာ နေရာတစ်ခုဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီပြီး အဆင့်အတန်းမြင့်အောင် ဆက်လက်ဆောင်ရွက်သွားရန်နှင့် နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့စေရေး အားလုံးက ဝိုင်းဝန်းထိန်းသိမ်းသွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိရစ္ဆာန်ဥယျာဉ်အတွင်း ပြကွက်တစ်ခုချင်းအလိုက် ပြသထားမှု၊ ဥယျာဉ်အတွင်း ၁၁၉ နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချနေမှုနှင့် ဥယျာဉ်သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံဆိပ်ကမ်းမြို့နယ် ဒဂုံဆိပ်ကမ်း စက်မှုဇုန်ရှိ ရွှေသံသာဟိန်း သစ်အချောထည်စက်ရုံနှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် တောင်ဒဂုံစက်မှုဇုန် (၂) ရှိ Glorious Family ကြိမ်အချောထည်စက်ရုံများသို့ သွားရောက်၍ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်မြို့ရှိ မှတ်တမ်းဌာန (ရန်ကုန်)နှင့် ဝန်ကြီးဌာနဂိုဒေါင်များ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန မှတ်တမ်းဌာန(ရန်ကုန်) ၌ နိုင်ငံသားဆိုင်ရာ ကိုယ်ရေးမှတ်တမ်းများ ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခင်မှတ်တမ်းဟောင်းများကို လုပ်ငန်းဦးစားပေးအလိုက် သတ်မှတ်ဆောင်ရွက်ရန်၊ လေလွင့်ပျက်စီးမှုမရှိစေရေးနှင့် လူတစ်ဦးချင်း၏ကိုယ်ရေးအချက်အလက်များဖြစ်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ခန်းမဆောင်အတွင်း၌ ခေတ်အဆက်ဆက် ထိန်းသိမ်းထားရှိသည့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဆိုင်ရာ ကိုယ်ရေးမှတ်တမ်းမှတ်ရာများ၊ အထောက်အထား အချက်အလက်များကို နည်းပညာအသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မှတ်တမ်းခန်းများအတွင်း မှတ်တမ်းများ ထိန်းသိမ်းထားရှိမှု၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ မှတ်တမ်းခန်းများ ပြန်လည်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးဌာနပိုင် သာကေတဂိုဒေါင်ဝင်းအတွင်းရှိ ဂိုဒေါင်များအလိုက် မှတ်တမ်းများထိန်းသိမ်းထားရှိမှု၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအတွက် စိစစ်ရေးကတ်ပြားများနှင့် လုပ်ငန်းသုံးပုံစံများ ထိန်းသိမ်းထားရှိမှု၊ စာရင်းဇယားမှတ်တမ်းပုံစံဟောင်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းအဟောင်းများ ထိန်းသိမ်းထားရှိမှုကို လည်းကောင်း၊ ဗိုလ်တထောင်ခရိုင်ဦးစီးမှူးရုံး ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၊ သာကေတမြို့နယ်ဦးစီးမှူးရုံး ရုံးခန်းများနှင့် မှတ်တမ်းခန်းအခြေအနေ၊ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူ၍ Unique ID နံပါတ် ထုတ်ပေးနိုင်ရေးဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဓမ္မာရုံ၌ ရခိုင်ပြည်နယ်တောင်ပိုင်းမှ ယာယီရွှေ့ပြောင်းရောက်ရှိလာကြသည့် ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးအချို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဓမ္မာရုံ၌ ယာယီရုံးခွဲများဖွင့်လှစ်ထားရှိမှု၊ ဝန်ထမ်းများ နေထိုင်သည့်အိပ်ဆောင်များနှင့် ရေ၊ မီးရရှိမှု၊ စားဖိုဆောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထားဝယ်မြို့၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ထားဝယ် ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထားဝယ်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ထားဝယ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့များ လျှော့ချနိုင်မည့် နည်းလမ်းများနှင့် ရေသယံဇာတများ ထိန်းသိမ်းရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများကို လည်းကောင်း၊ တောအုပ်ကြီးဦးခင်မောင်ဆန်းက သစ်တောများမှ ပေးသော အကျိုးကျေးဇူးများ၊ သစ်တောများထိန်းသိမ်းရေးနှင့်သစ်ပင်စိုက်ပျိုးပြုစုခြင်း နည်းစနစ်များကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# အင်းစိန်မြို့နယ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)က ကြီးမှူး၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် မြို့နယ်များအတွင်းရှိ ရပ်ကွက်/ ကျေးရွာစာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များရှိ စာကြည့်တိုက်မှူးများ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု နည်းပညာ၊ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်ဥပဒေနှင့် နည်းဥပဒေ၊ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့် -မှူခင်း)က စာကြည့်တိုက်များ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအကြောင်းတို့ကို ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက် လာသူများက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပြပွဲနှင့် ပြိုင်ပွဲကျင်းပမည့် တပေါင်းကွင်းရှိ ယာယီရှင်းလင်းဆောင်၌ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆပ်ကော်မတီဥက္ကဋ္ဌများက MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် MSME ထုတ်ကုန်များ ခင်းကျင်းပြသနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေစဉ်အတွင်း လိုအပ်ချက်များရှိပါက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဆပ်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များအား တာဝန်ချထားရမည်ဖြစ်ကြောင်း၊ ရိုးရာစားသောက်ဆိုင်ခန်းများတွင် ရောင်းချသည့်အစားအသောက်များသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိစေရေးနှင့် စီးပွားရေးချိတ်ဆက်မှု အခမ်းအနားများ ကျင်းပနိုင်ရန် ပါဝင်ဆွေးနွေးမည့် ပညာရှင်များအား ချိတ်ဆက်ရေးတို့ကို ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဆုရွေးချယ်ရေးနှင့် ပတ်သက်၍ အငြင်းပွားမှုများ မဖြစ်ပေါ်စေရေးအတွက် သတ်မှတ်အမှတ်ပေးစည်းမျဉ်းများကို ကြိုတင်ဖြန့်ဝေထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပြခန်းများ၌ နဖူးစည်းစာတန်းများ ချိတ်ဆွဲရာတွင် တစ်ပြေးညီဖြစ်စေရေး ကြိုတင်ညှိနှိုင်းထားရှိပြီးဖြစ်၍ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပခြင်းဖြစ်၍ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးပြီး ပြခန်းများ ဆောင်ရွက်နေမှုနှင့် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် စီမံဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အရာထမ်း၊ အမှုထမ်းအိမ်ရာများ လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၅

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအလိုက် ခွဲဝေချထားပေးသော နိုင်ငံပိုင်တိုက်ခန်းများတွင် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်မှု ရှိ၊ မရှိ၊ ချမှတ်ထားသောအိမ်ရာများတွင် အိမ်ထောင်စုစာရင်းအတိုင်း နေထိုင်ခြင်း ရှိ၊ မရှိနှင့် မသက်ဆိုင်သူများ နေထိုင်မှုမရှိစေရေးတို့အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပိုင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိအရာထမ်း၊ အမှုထမ်းအိမ်ရာများတွင် ရေ၊ မီးရရှိမှု အခြေအနေ၊ အဆောက်အအုံကြံ့ခိုင်မှု အခြေအနေ၊ အိမ်ထောင်စုစာရင်းအတိုင်း နေထိုင်မှု ရှိ၊ မရှိ၊ ယာယီနေရပ်စွန့်ခွာနေကြသည့် မိသားစုဝင်များ ဝန်ထမ်းအိမ်ရာများတွင် လာရောက်နေထိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက ဧည့်စာရင်းတိုင်ကြားမှု ရှိ၊ မရှိနှင့် အိမ်ရာပတ်ဝန်းကျင်ရှိ မြေလွတ်မြေလပ်များတွင် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာ စည်းကမ်းများနှင့်အညီ နေထိုင်ရန်၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အထူးအလေးထားနေထိုင်ရန်၊ လျှပ်စစ်မီးလုံခြုံရေးနှင့် ပတ်သက်၍ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရန်အချက်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(သန်လျင်)၏ နဝမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးဦးမြင့်စိုး၊ ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်း၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အထူးပြုဘာသာရပ်များအလိုက် မဟာဘွဲ့သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများနှင့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ကြေးတံဆိပ်ဆုရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘောလုံးအသင်း၌ ပါဝင်ကစားခဲ့သည့် တတိယနှစ်ကျောင်းသား မောင်ဗိုဆန်းထွန်းအား လည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက စာရင်းကိုင်ပညာနှင့်ဘဏ္ဍာရေးပညာ၊ ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ၊ အသုံးချစာရင်းအင်းပညာ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ၊ လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ အထူးပြုဘာသာရပ်များတွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၂)ရှိ "လှ"ချည်မျှင် ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ချည်မျှင်စက်ရုံ၌ ဖြတ်စည့်ပဲ့စနစ်နှင့် စွန့်ပစ်ပိတ်စများမှ ဂွမ်းဖွာသန့်စင်ခြင်း၊ ဗိုင်းတောင့်ပြုလုပ်ခြင်း၊ အပင်ပေါင်းခြင်း၊ OE ၁/၇ ချည် ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် သမဝါယမအသင်းအမှုဆောင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စံချိန်စံညွှန်းမီ ချည်မျှင်များ ထုတ်လုပ်ပြီး ပြည်တွင်းရက်ကန်းလုပ်ငန်းရှင်များ သုံးစွဲမှုပမာဏ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်နှင့် ချိတ်ဆက်၍ ဒေသခံတောင်သူများထံမှ Grade A၊ Grade B အဆင့်မီ ဝါဂွမ်းကုန်ကြမ်း ဝယ်ယူမည့် လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်များ ကွင်းဆင်းပြုလုပ်ပေး

သုံးခွ ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ညောင်နီကျေးရွာ(အထက)၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ယနေ့နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက်အကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းကြောင့် ရရှိမည့်အခွင့်အရေး၊ အကျိုးကျေးဇူးများ၊ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)





## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပဲခူး ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် ပန်းလှိုင်ကျုံးရိုးတန်းလမ်းဘေးဝဲ/ယာ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းအားဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပေါင်းစုအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

### စုပေါင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘန်းယဉ်မြို့နှင့် ကလောမြို့တို့၌လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌လည်းကောင်း၊ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊



စမ်းချောင်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၊ ဆီဆိုင်မြို့ ပြည်သူ့ဆေးရုံ၊ အေးသာယာမြို့ ပြည်သူ့ဆေးရုံနှင့် အောင်ပန်းမြို့ ပြည်သူ့ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်း အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## လဲချားမြို့ နောင်ခမ်းကန် စိမ်းလန်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လဲချား ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော နောင်ခမ်းကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ လေကောင်းလေသန့်ရရှိရေး၊ ကန်ပတ်လည်သန့်ရှင်းစေရေးအတွက် ရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက် ၇ နာရီခွဲက ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၏ ဦးဆောင်မှုဖြင့် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကန်ပတ်လည်အတွင်း/အပြင် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်း၍ မီးရှို့ခြင်းများကို စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မင်းတုန်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

မင်းတုန်း ဇန်နဝါရီ ၂၅

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်သူက သစ်ပင်များမှ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူပြီး အောက်ဆီဂျင်ထုတ်လုပ်ပေးရာတွင် အရေးပါပုံနှင့် ရေသယံဇာတထိန်းသိမ်းပေးပုံ၊ မီးခိုးမြူငွေ့ကြောင့် သက်ရှိများအပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပခုက္ကူမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများဆောင်ရွက်



ပခုက္ကူ ဇန်နဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယမန်နေ့က ဆောင်ရွက်ကြသည်။

ပခုက္ကူမြို့ပေါ်ရှိ အခြေခံပညာကျောင်း ၂၈ ကျောင်းမှ KG ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၇၂ ဦးတို့အား အာဟာရဖြည့်စွက်အစားအစာများ ကျွေးမွေးခြင်းလုပ်ငန်းကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း သုံးကြိမ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးကို ကြိုးပမ်းကြပါစို့

ကိုရင်မောင်

ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေကိုရှုမြင်လျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အကြမ်းဖက်အဖွဲ့များ၏လုပ်ရပ်များကြောင့် အချို့ဒေသများတွင် ဒေသခံပြည်သူများ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ကာ ဆင်းရဲဒုက္ခများစွာ ကြုံတွေ့နေသည်ကို တွေ့မြင်နိုင်ပါသည်။

ဒေသခံတိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့နေရသည့် အဖြစ်ဆိုးများသည် တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းဖြစ်၍ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံး၏ ဆင်းရဲဒုက္ခပင်ဖြစ်သည်။ မိသားစုအတွင်း ညီအစ်ကိုမောင်နှမတစ်ဦးဦး ဆင်းရဲဒုက္ခရောက်သည့်အခါ အခြားညီအစ်ကို မောင်နှမများလည်း စိတ်ဆင်းရဲ၊ စိတ်မကောင်းဖြစ်ကြရသကဲ့သို့ သောကအပူမီး ကူးစက်ခံရပါသည်။

## စိတ်မကောင်းဖြစ်ရ

ပြည်တွင်း၊ ပြည်ပ ပယောဂအမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ ပြည်ပမှ အိမ်ကြက်ချင်း အိုးမဲသုတ်သည့် ယုတ်မာပက်စက်သည့် အကြံအစည်များကြောင့်လည်းကောင်း နှစ်ဖက်စလုံး ထိခိုက်ကြေပြုန်းနေရသည့် အဖြစ်များမှာ မိမိတို့တိုင်းရင်းသားအချင်းချင်း ဖြစ်နေသည်ဆိုသည့် အချက်ကို သတိချပ်ဖို့လိုပါသည်။ လက်ရှိကာလအတွင်း၌ပင် အယူအဆ၊ ခံယူချက်လွဲမှားမှု၊ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် မြန်မာနိုင်ငံသားအချင်းချင်း တိုက်ခိုက်သတ်ဖြတ် ဖျက်ဆီးခဲ့ကြသဖြင့် သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရ၊ ဒုက္ခဆင်းရဲခံခဲ့ကြရသည့် မြန်မာနိုင်ငံသားများမှာ ရာထောင်သောင်းချီရှိနေပြီ။ မိမိတို့နိုင်ငံသားအချင်းချင်းဖြစ်၍ မိသားစုဝင် နိုင်ငံသားများအားလုံးအနေဖြင့်လည်း စိတ်မကောင်းဖြစ်ကြရသည်။

**၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးအချိန်မှစ၍ မျက်မှောက်ကာလ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်း၌ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်ပဋိပက္ခအမျိုးမျိုးတို့ကြောင့် သေဆုံး၊ ဒဏ်ရာရရှိသည့် ပြည်သူများအရေအတွက် မည်မျှရှိမည်ကို ခန့်မှန်းကြည့်နိုင်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသက်ခန္ဓာများ အချည်းနှီးဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ဆုံးရှုံးသွားခဲ့ရသော မိသားစုများ၏ဘဝများ၊ လူသားအရင်းအမြစ်များ အမြောက်အမြားဆုံးရှုံးခဲ့ရခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ ပြည်သူအားလုံးအတွက် ဝမ်းနည်းကြေကွဲစရာပင်ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ကြဖို့၊ တော်လောက်ကြဖို့ အချိန်ကျရောက်နေပြီဟု ဆိုချင်ပါသည်။**

## ညီညွတ်မှုတည်ဆောက်

ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် ဆင်ခြင်တွေးတောမှုကင်းမဲ့ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို ဖျက်ဆီးနေကြသည့် လုပ်ရပ်များ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးနေသူများတွင် အများစုမှာ အသက် ၁၈ နှစ်ဝန်းကျင်မှ အသက် ၃၀ ဝန်းကျင်ရှိသည့် မျိုးဆက်သစ်လူငယ်လူရွယ်များဖြစ်နေသည်ကို ပြည်သူအားလုံး သတိချပ်စေချင်ပါသည်။ ထို့ကြောင့် သွေးထိုးမြှောက်ပင့်ပေးမှု၊ စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်မှုများကြောင့် အချင်းချင်းကြေကွဲပျက်စီးအောင် ပြုလုပ်မှုများကို ဆင်ခြင်ကြရန်လိုပါသည်။ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးအချင်းချင်း စာနာမှု၊ ရိုင်းပင်းမှု၊ မေတ္တာတရားထားမှုများနှင့် လူငယ်လူရွယ်များ အချည်းနှီးပျက်စီးဆုံးရှုံးမှု မဖြစ်စေဘဲ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်အောင် ပျိုးထောင်ပေးကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုကြီးအဖြစ် လက်တွဲညီညီ စည်းလုံးညီညွတ်စွာ တည်ဆောက်သွားရန် တိုက်တွန်းအပ်ပါသည်။

မကြာသေးမီကာလအတွင်းက သောင်းကျန်းသူအဖွဲ့အမျိုးမျိုးတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရသည်။ ပြည်နယ်နှင့်ဒေသများအတွင်း နေထိုင်သည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသများတွင် နေထိုင်ကြသူများကပင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို အချိန်မီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာလည်း ဒေသခံများပင်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံ တိုင်းရင်းသားအဖွဲ့များက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသော အတွေးအခေါ် အယူအဆဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ်မွေးဖွားရာဒေသ၊ ကိုယ့်တိုင်းရင်းသားပြည်သူများအပေါ် သစ္စာဖောက်ဖျက်ခြင်းပင်ဖြစ်သည်။

## ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ

အေးချမ်းသာယာဝပြောသည့်နိုင်ငံတည်ဆောက်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသော အချိန်ကာလဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည်။ နှစ်ပေါင်းရှည်ကြာလာခဲ့ပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံသားများ အသက်ခန္ဓာများ အမြောက်အမြား ဆုံးရှုံးခဲ့ရပြီးဖြစ်သလို နိုင်ငံတော်ကြီးသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်ပင် အတော်ပင်နောက်ကျ ကျန်ရစ်နေပြီကို သတိမူကြဖို့ လိုမည်ဖြစ်သည်။ ဆက်လက်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်းကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဆက်ဖြစ်နေမည်ဆိုလျှင် တိုင်းရင်းသားပြည်သူများပင် ထို့ထက်မက ဆုံးရှုံးပျက်စီးမှုများ များလာမည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးမှု ယခုထက်မက နောက်ကျလာမည်ဖြစ်သည်။

**အဓိကမှာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေးဖြစ်သည်။ နိုင်ငံရေးအရ ဆွေးနွေးခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခြင်းသည် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ခြေလှမ်းများပင်ဖြစ်သည်။ နိုင်ငံရေးအရ၊ ဝါဒရေးအရ၊ တိုင်းရင်းသားအရေးအရ၊ ဘာသာရေးအရ၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများ လျှော့နည်း**ပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနည်းလမ်းနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုပါသည်။ ငြိမ်းချမ်းရေးကို ရှေးရှုရာတွင် နိုင်ငံရေးဆွေးနွေးသည့် နည်းလမ်းတစ်ခုတည်းသာ မဟုတ်ပါ။ ဒီမိုကရေစီနည်းလမ်းဖြင့်လည်း အဖြေရှာနိုင်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရာရောက်မည်ဖြစ်သည်။

## ပဋိပက္ခသံသရာလည်

နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများရပ်တန့်ပြီး မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ရိုးသားမှုရှိရန်လိုသည်။ သို့သော် အရေးမသာတော့မှ နိုင်ငံရေးနည်းလမ်းကိုဆိုလိုက်၊ အခြေအနေအလှည့်အပြောင်း အကွက်ချောင်းပြီး နိုင်ငံရေးနည်းလမ်းဆိုလိုက်ဖြင့် မရိုးမသား ပြုလုပ်နေမည်ဆိုလျှင် ငြိမ်းချမ်းရေးခရီးနှင့်မနီးဘဲ ဝေးသထက်ဝေးပြီး ပဋိပက္ခသံသရာတွင် လည်နေမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများလည်း ထိခိုက်သထက် ထိခိုက်လာမည်ဖြစ်သည်။ တိုင်းပြည်လည်း ကျဆင်းသထက် ကျဆင်းလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေလျှောက်လှမ်းနေသည်ကို တွေ့မြင်နေရသည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်နေသည်မှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအရေးအတွက် ဖြစ်သည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်ချက်မှာ ပြည်သူအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ်မှန်ကန်ရေးဖြစ်သည်။ နိုင်ငံနှင့် ပြည်သူအကျိုးကို ပြည်သူများကပင် အသိဉာဏ်ပညာဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ဖန်တီးပေးလျက်ရှိသည်။

စာမျက်နှာ ၁၈ သို့ ☆

**အဓိကမှာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးဖြစ်သည်။ နိုင်ငံရေးအရ ဆွေးနွေးခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခြင်းသည် ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် ခြေလှမ်းများပင်ဖြစ်သည်။ နိုင်ငံရေးအရ၊ ဝါဒရေးအရ၊ တိုင်းရင်းသားအရေးအရ၊ ဘာသာရေးအရ၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများ လျှော့နည်းပပျောက်စေပြီး ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနည်းလမ်းနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့လိုပါသည်။ ငြိမ်းချမ်းရေးကိုရှေးရှုရာတွင် နိုင်ငံရေးဆွေးနွေးသည့် နည်းလမ်းတစ်ခုတည်းသာမဟုတ်ပါ။ ဒီမိုကရေစီနည်းလမ်းဖြင့်လည်း အဖြေရှာနိုင်ပါသည်။ သို့မှသာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရာရောက်မည်ဖြစ်သည်**

**ပြည်ပမှ သွေးထိုးလှုံ့ဆော်မြှောက်ပင့်အားပေးမှုများ၊ ခံယူချက်၊ ယုံကြည်ချက်၊ အသိအမြင်လွဲမှားမှုများဖြင့် ပြည်ထောင်စုကြီးနှင့် ပြည်သူများအကျိုးကို မျက်ကွယ်ပြုပြီး လက်နက်ကိုင်လမ်းစဉ်ဖြင့် အကြမ်းဖက်လုပ်ရပ်များကိုသာ ဇွတ်တိုးလုပ်ကိုင်နေပါလျှင် မြန်မာပြည်ဖွားပြည်သူများအချင်းချင်း ကြေပြုန်းပျက်စီးခြင်းသို့ရောက်ကြပြီး မိမိတို့ဒေသ၊ မိမိတို့ဒေသခံပြည်သူများ၏ အနာဂတ်ပျောက်နေမည်ကို သတိပြုရမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု၊ ဒေသတစ်ခုဖြစ်စေရန် ပြည်နယ်အတွင်း၊ ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်သည်။ နိုင်ငံ၏အင်အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၊ ဒေသများ၏ အင်အားသည်လည်း ပြည်နယ်၊ ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းအင်အားများပင်ဖြစ်သည်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ ဇန်နဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးရှိ ချင်းတွင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင် သို့ရောက်ရှိရာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ကွန်ကရစ်တိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် ကွန်ကရစ်ပြားကပ်တမံ အလျားပေ ၃၀၀ တည်ဆောက်နေမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေးတို့အား မှာကြားကာ ကွန်ကရစ်တိုင်အခြေပြု ကျောက်စီမြေထိန်းနံရံနှင့် ကွန်ကရစ်ပြားကပ်တမံ အလျားပေ ၃၀၀ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချင်းတွင်းမြစ်ကမ်းတွင် ရေယာဉ်တည်ဆောက်ခြင်းနှင့် ရေယာဉ်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် ရွှေချင်းတွင်း အလတ်စားလွှန်းကျင်း၊ အနန္တဂုဏ်ရောင် အလတ်စားလွှန်းကျင်းနှင့် သုခေန အကြီးစားလွှန်းကျင်းတို့သို့ ရောက်ရှိကြရာ တည်ဆောက်ရေး တာဝန်ခံများက စက်သုံးဆီသယ်ရေယာဉ် ဖလပ်တွဲကြီးများ၊ ကုန်တင်အမြန်ရေယာဉ်များနှင့် ခရီးသည်တင် အမြန်ရေယာဉ်များ တည်ဆောက်နေမှုနှင့် ပြုပြင်နေမှုလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



☆ စာမျက်နှာ ၁၇ မှ

## ထိရောက်စွာဆောင်ရွက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် အခြားသောကဏ္ဍများတွင် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များ ချမှတ်နိုင်ရန်နှင့် စားရေရိက္ခာဖူလုံစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အစိုးရတစ်ရပ်တည်းက ဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများကလည်း အတူလက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်မှသာ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ပြည်ပမှ သွေးထိုးလှုံ့ဆော်မြှောက်ပင့်အားပေးမှုများ၊ ခံယူချက်၊ ယုံကြည်ချက်၊ အသိအမြင်လွဲမှားမှုများဖြင့် ပြည်ထောင်စုကြီးနှင့် ပြည်သူများအကျိုးကို မျက်ကွယ်ပြုပြီး လက်နက်ကိုင်လမ်းစဉ်ဖြင့် အကြမ်းဖက်လုပ်ရပ်များကိုသာ ဇွတ်တိုးလုပ်ကိုင်နေပါလျှင် မြန်မာပြည်ဖွား ပြည်သူများအချင်းချင်း ကြေပြုန်းပျက်စီးခြင်းသို့ရောက်ကြပြီး မိမိတို့ဒေသ၊ မိမိတို့ဒေသခံပြည်သူများ၏ အနာဂတ်ပျောက်နေမည်ကို သတိပြုရမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု၊ ဒေသတစ်ခုဖြစ်စေရန် ပြည်နယ်အတွင်း၊ ဒေသအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်သည်။ နိုင်ငံ၏အင်အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၊ ဒေသများ၏ အင်အားသည်လည်း ပြည်နယ်၊ ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းအင်အားများပင်ဖြစ်သည်။**

## ညီညွတ်သောအင်အား

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် စည်းလုံးညီညွတ်မှုကို အခိုင်အမာ သက်သေထူပြနိုင်ခဲ့သော ပင်လုံစာချုပ်သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားများကို အထောက်အပံ့ပြု၍ ပေါ်ထွက်လာသောရလဒ်ဖြစ်သည်။ မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီးများ၊ ဘိုးဘေးဘီဘင်များ အခိုင်အမာစိုက်ထူခဲ့သော စည်းလုံးညီညွတ်မှု အဖိုးတန်အမွေအနှစ်ကို မပျက်စီးအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ မျက်မှောက်ကာလရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ တာဝန်ဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဆက်လက်တည်ဆောက်ကြရမည်ဖြစ်သည်။

## ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူများကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံ၏ အနာဂတ်မျိုးဆက်များကို ပျက်စီးပြုန်းတီးမှုမဖြစ်စေဘဲ တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ကာကွယ်စောင့်ရှောက်ပျိုးထောင်ကြရမည် ဖြစ်သည်။ ပြည်နယ်များ၊ ဒေသများရှိ တိုင်းရင်းသားပြည်သူများလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပြီး ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာဝပြော၍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြပါရန် ဆန္ဒပြု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၈၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နတ်တလင်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

နတ်တလင်း ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာနက မြို့မအခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဦးစွာ နတ်တလင်းမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်စန်းက သစ်တောထွက် သယံဇာတပစ္စည်းများအားထိန်းသိမ်းရန် သစ်တော၊ သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ ရေချွေတာသုံးစွဲရေးတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး တောအုပ်ကြီး ဦးမျိုးသက်ခိုင်က လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော အကြောင်းအရာများနှင့် ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန် နည်းလမ်းများအကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဗလမင်းထင်အမှတ် (၂)တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၅**

မန္တလေး - လားရှိုး - ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိပြီး ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ် အရှေ့နှင့် အနောက်၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့အား ဆက်သွယ်ထားသည့်အပြင် မြန်မာ-တရုတ် ကုန်သွယ်ရေး လမ်းကြောင်းအတွက် အဓိကကျသော လမ်းမပေါ်တွင် တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အဖွဲ့(၁) တံတားအထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဗလမင်းထင်အမှတ်(၂) တံတားတည်ဆောက်ရေးစီမံကိန်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၁)၌ အမှတ်(၂)တံတားသစ်စီမံကိန်းလုပ်ငန်းများ တည်ဆောက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှ၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးဦးနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးက ဖြည့်စွက်အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ် ဝန်ကြီးချုပ်က တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများ သယ်ယူရရှိမှုနှင့် တံတားတည်ဆောက်ရေးကာလအတွင်း ရေလမ်းကြောင်း ပြောင်းလဲမှု အခြေအနေများ၊ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားဘက်ကမ်းမှ တစ်ဆင့် အမှတ်(၂) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ရေလယ်တိုင်များ တည်ဆောက်နေမှု အခြေအနေများနှင့် စမ်းသပ်စစ်ဆေး တည်ဆောက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ တံတားဟောင်းရေလယ်တိုင်အား ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့သည်။




အဆိုပါ ဗလမင်းထင်အမှတ်(၂) တံတားသစ်သည် အရှည်ပေ ၃၂၁၂ ဒသမ ၁၉၉ ပေ(၉၇၉ မီတာ) ရှိပြီး ဘိုးပိုင်၊ သံကူကွန်ကရစ်ရေလယ်တိုင်နှင့် သံကူကွန်ကရစ်ကမ်းကပ်ခုံပေါ်တွင် Steel Box Grider နှင့် RCC Slab အမျိုးအစားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၇ ပေကျော်ရှိပြီး ၇၅ တန်အထိ ခံနိုင်ဝန်ရှိသော တံတားတစ်စင်းဖြစ်သည့်အတွက် မြန်မာ-တရုတ်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံအထိ ဆက်သွယ်အသုံးပြုနိုင်သည့်အတွက် နိုင်ငံ့အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် တံတား တည်ဆောက်ပြီးစီးပါက တံတားနှစ်စင်းလုံးအား အသုံးပြုကာ ပိုမိုလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)



## မြဝတီမြို့၌ ပြည်လုံးချမ်းသာဓမ္မာရုံတော် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော မိဋ္ဌာန်အောင်စေတီတော် ပရိဝုဏ်အတွင်း အသစ်တစ်ဖန် ပြန်လည်ဆောက်လုပ်မည့် ပြည်လုံးချမ်းသာဓမ္မာရုံတော် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဇောတိရတနာ ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိပါလထံမှ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုခြင်းနှင့် ပရိတ်ရေ၊ ပရိတ်ပန်း၊ ပန္နက်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ ပြည်လုံးချမ်းသာဓမ္မာရုံတော် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ မွန်ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ ဇာဖြူဝင်း(မြဝတီ)



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများသို့ မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းချက်များနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်ရန်နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အသိပေးနှိုးဆော်စည်း။ မြို့နယ်(ပြန်/ဆက်)

## စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ အကြိမ်(၆၀)မြောက် တောင်သူနည်းပညာဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

အကြိမ်(၆၀)မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲအဖြစ် "ပဲခူးတိုင်းဒေသကြီး၏ နွေစပါးသီးနှံ ပန်းတိုင်အထွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုများ" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရှင်ဝန်ထမ်းများနှင့် တပ်ကုန်းမြို့နယ်မှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက အချိန်ကုန်သက်သာ၍ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်နိုင်မည့် ICT tools များကို အသုံးပြု၍ ချိတ်ဆက် ဆက်သွယ်နိုင်ရေးအတွက် တောင်သူများအား ပြသပေးခြင်း၊ ခရိုင်/မြို့နယ်အလိုက် တောင်သူနှင့် ပညာရှင်များ အတူရှိနေနိုင်မည့် Viber group၊ Facebook group ကဲ့သို့ ဒေသတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ ဖန်တီးပေးခြင်း၊ Zoom application များ အသုံးပြုတတ်စေရန် ပြသပေးခြင်းတို့ ဆောင်ရွက်ကာ သိသင့်သိထိုက်သည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပေးရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် သတင်းအချက်အလက်ရရှိမှုသည် ၎င်းတို့ စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှုအပေါ် များစွာ အထောက်အကူပြုကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးသူတောင်သူများဖြစ်ခြင်းကြောင့် ကျေးလက်နေတောင်သူများ၏ စိုက်ပျိုးရေး သာမကကျန်းမာရေး၊ ပညာရေးမှအစ ထည့်သွင်း စဉ်းစားဆောင်ရွက်ပေးရကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ချောက်မြို့၌ ပန်းချီ၊ ဆေးရောင်ခြယ်၊ ဉာဏ်စမ်းအမေးအဖြေပြိုင်ပွဲများ ကျင်းပ

**ချောက် ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ကျောင်းသား ကျောင်းသူများဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများကြွယ်ဝလာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီခွဲက မူလတန်းအဆင့် ပန်းချီ၊ ဆေးရောင်ခြယ်၊ ဉာဏ်စမ်းအမေးအဖြေပြိုင်ပွဲများကို ကျင်းပသည်။

**ကျင်းပ**

ဦးစွာ နံနက်ပိုင်းတွင် ပန်းချီပြိုင်ပွဲကျင်းပခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ဆေးရောင်ခြယ်ပြိုင်ပွဲအားလည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ဉာဏ်စမ်းအမေး/အဖြေ ပြိုင်ပွဲအားလည်းကောင်း ကျင်းပခဲ့သည်။

ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူ ၂၀၊ ဉာဏ်စမ်းအမေး/အဖြေပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# သနားစရာလူနာများနှင့် သနားစရာသမားတော်များ

ပါမောက္ခ ဒေါက်တာမြသိန်းဟန်

လူတွေဟာ တစ်ဦးအပေါ်တစ်ဦး ဖြဟ္မစိုရ် တရားလက်ကိုင်ထားပြီး ဆက်ဆံပေါင်းသင်းနေထိုင်ကြပါက အေးချမ်းသာယာတဲ့ လောကကြီးဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ ကြီးနိုင်၊ ငယ်ညှဉ်း လုပ်ကြတာတွေ၊ တစ်ဦးအပေါ်တစ်ဦး မနာလိုဝန်တိုစိတ်တွေ၊ အာဃာတတွေထားပြီး အခွင့်သာရင်သာသလို လောဘ၊ ဒေါသတွေ ရှေ့တန်းတင်ပြီး ညှဉ်းပန်းနှိပ်စက်ကြတာဟာ စိတ်မကောင်းဝမ်းနည်းစရာဖြစ်ပါတယ်။

သတ္တဝါတွေထဲမှာမှ "လူ" ဆိုတဲ့သတ္တဝါဟာ အသိဉာဏ်ပညာ၊ စဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်တုံတရားဖြင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းအရှိဆုံးမို့ အပါယ်လေးဘုံထက်မြင့်မြတ်တဲ့ လူ့ဘုံကို ကောင်းမှုတရားတွေရဲ့ အစွမ်းသတ္တိအကျိုးပေးမှုကြောင့် ရောက်ရှိလာကြတာဖြစ်ပါတယ်။ အရိယာရဟန္တာ မဖြစ်သေးသမျှတော့ လောဘ၊ ဒေါသ၊ မောဟတရားတွေ ဖုံးလွှမ်းပြီး ကုသိုလ်၊ အကုသိုလ်အလုပ်တွေကို ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ကျူးလွန်မိကြပါတယ်။ ဒီလိုကျူးလွန်ပြစ်မှားမှုတွေ လျော့နည်းပြီး အေးချမ်းသာယာတဲ့ဘဝဖြစ်ပေါ်လာဖို့အတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေကို လက်ကိုင်ထားကျင့်သုံးဆောင်ရွက်ကြဖို့ မြတ်ဗုဒ္ဓရှင်တော်ဘုရားက ဟောကြားဆုံးမခဲ့ပါတယ်။

သူတစ်ပါးကို ကောင်းစားစေချင်တဲ့မေတ္တာ၊ မိမိထက်နိမ့်ကျပြီး ဆင်းရဲဒုက္ခရောက်နေသူတွေကို ကူညီစောင်မပေးတဲ့ ကရုဏာ၊ သူတစ်ပါး တိုးတက်ကြီးပွားအောင်မြင်နေတာကို ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ မုဒိတာ၊ မိမိတတ်အားသမျှ ကူညီမစလမ်းညွှန်ဆုံးမပေးသော်လည်း ကောင်းကျိုးဖြစ်မလာတဲ့အခါမှာတော့ ဥပေက္ခာပြုရတာတွေလည်းရှိပါတယ်။

❝ပြည်သူလူထုနဲ့ လူနာတွေ အသိပညာတိုးပြီး မိမိတို့ကျန်းမာရေးအတွက် ပါဝင်ဆွေးနွေးဆုံးဖြတ်ကြတာကို ဝမ်းသာအားရကြိုဆိုနေမိပါတယ်။ သမားတော်တွေအနေနဲ့လည်း ဘာကြောင့်ဘာရောဂါလို့ သတ်မှတ်တယ်၊ စမ်းသပ်စစ်ဆေးမှုတွေကို ဘာကြောင့်လုပ်ရတယ်၊ ဘယ်လိုကုသတဲ့နည်းလမ်းတွေရှိတယ်၊ အကျိုးအပြစ်တွေက ဘာတွေရှိတယ်ဆိုတာတွေကို ရှင်းပြဖို့တာဝန်ရှိပါတယ်။ တကယ်တော့ နိုင်ငံတကာမှာလည်း သမားတော်နဲ့လူနာ ပူးပေါင်းဆောင်ရွက်ကြတာမို့ ကောင်းတဲ့လက္ခဏာလို့ ဆိုရမှာဖြစ်ပါတယ်❞



### သနားစရာလူနာ

သနားစရာလူနာဟုဆိုရာမှာတော့ မိမိမှာ အသိဉာဏ်ပညာ နည်းပါးချို့ယွင်းလို့ သူတစ်ပါးကို အားကိုးအားထားပြုသော်လည်း အားမကိုးထိုက်သူကို အားကိုးမိခြင်း၊ မိမိကိုယ်ကို ဘယ်လိုစောင့်ရှောက်ရမည်ကို မသိနားမလည်၍ လုပ်သင့်ရာကို မလုပ်မိခြင်း၊ လုပ်ရမယ့်အချိန်မှာ မလုပ်ခြင်း၊ အပြည့်အဝ မလုပ်ခြင်း၊ ချို့တဲ့ဆင်းရဲ နွမ်းပါးသဖြင့် လုပ်သင့်လုပ်ထိုက်တာတွေကို မလုပ်နိုင်ဘဲ ဆင်းရဲဒုက္ခရောက်ရခြင်း စတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ရသူတွေဟာ လောကမှာ သနားစရာလူနာတွေဖြစ်ပါတယ်။

စာရေးသူဟာ ကျန်းမာရေးဝန်ဆောင်မှုပေးနေသူ သမားတော်တစ်ဦးအနေနဲ့ သနားစရာလူနာများစွာနဲ့ တွေ့ကြုံခဲ့ရပါတယ်။ ငွေကြေးမပြည့်စုံ၊ မရှိလို့ ရောဂါတွေကို ကြိတ်မှိတ်ခံစားရင်း တတ်ယောင်ကားဆရာတွေနဲ့တွေ့ပြီး မကုနိသင့်တာတွေ ကုန်ကျကြရသလို မစွမ်းတဲ့ဆေးတွေကြောင့်လည်း ရောဂါမသက်သာဘဲ ဒုက္ခရောက်ကြရသူတွေဖြစ်ပါတယ်။ လူအမျိုးမျိုးရှိကြသလို သမားတော်တွေလည်း အမျိုးမျိုးရှိကြပါတယ်။ လောဘဇောတက်ပြီး လူနာတွေကို မလိုအပ်တဲ့ဆေးတွေပေးတာ၊ မသက်ဆိုင်တဲ့ စမ်းသပ်စစ်ဆေးမှုတွေလုပ်တာ၊ မလိုအပ်ဘဲ ခွဲစိတ်မှုတွေ ပြုလုပ်တာတွေဟာ ဘာမှမသိရှာတဲ့ လူနာတွေ၊ မိသားစုတွေကို ဘူးလေးရာဖရုံဆင့်ဆိုသလို နဂိုက ချို့တဲ့နေရတဲ့အထဲ မလိုအပ်တဲ့ကုသမှုတွေကြောင့် ရောဂါမပျောက်ဘဲ ပစ္စည်းဥစ္စာတွေဆုံးရှုံးရသလို တချို့ဆိုရင် အသက်ပါစွန့်လွှတ်ကြရပါတယ်။

ဒီလိုဒုက္ခမျိုးစုံ ခံစားနေကြရတဲ့သူတွေကို စာနာသနားပြီး နိုင်ငံတော်က အရည်အသွေး၊ အရည်အချင်းပြည့်မီတဲ့ သမားတော်တွေ မွေးထုတ်နိုင်ပါစေ၊ ထွက်ပေါ်လာတဲ့ သမားတော်တွေကလည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရင်းခံပြီး မိမိတို့နိုင်ငံသားတွေကို စောင့်ရှောက်ပေးမယ်ဆိုတဲ့ စိတ်ကောင်းစေတနာကောင်းတွေထားကာ အန္တရာယ်ကင်းပြီး အဆင့်အတန်းပြည့်မီတဲ့ ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့နေမိပါတယ်။

လူနာတွေကို စေတနာထားပြီး ပြုစုကုသပေးတဲ့ သမားတော်တွေလည်း အမြောက်အမြားရှိပါတယ်။ ဟိုးယခင်ကတော့ လူနာတွေနဲ့သမားတော်တွေဟာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်အားကိုးအားထားပြုကြလို့ ကြည်နူးဖွယ်ဆက်ဆံရေးကို တွေ့ကြုံခဲ့ရပါတယ်။ ယခုအခါမှာတော့ ပုဂ္ဂလိကဆေးရုံ/ဆေးခန်းတွေပေါ်လာသလို သမားတော်တွေဟာလည်း အမျိုးမျိုးအစားစားရှိလာပါတယ်။ ယခုအင်တာနက်ခေတ်မှာ လူနာတွေ၊ လူနာရှင်တွေက ရောဂါတွေအကြောင်း၊ ဆေးတွေအကြောင်း ထိုက်သင့်သလောက် လေ့လာဆည်းပူးသိရှိကြလို့ သမားတော်တွေရဲ့ လိုအပ်ချက်၊ မှားယွင်းချက်တွေကို သည်းမခံနိုင်ဘဲ တိုင်ကြားတာ၊ လျော်ကြေးတောင်းတာ၊ တရားစွဲဆိုတာတွေ လုပ်လာကြတာကို ကြားသိနေရပါတယ်။

### သမားတော်နဲ့လူနာ ပူးပေါင်းဆောင်ရွက်

စာရေးသူကတော့ ယခုလို ပြည်သူလူထုနဲ့ လူနာတွေ အသိပညာတိုးပြီး မိမိတို့ကျန်းမာရေးအတွက် ပါဝင်ဆွေးနွေးဆုံးဖြတ်ကြတာကို ဝမ်းသာအားရကြိုဆိုနေမိပါတယ်။ သမားတော်တွေအနေနဲ့လည်း ဘာကြောင့် ဘာရောဂါလို့သတ်မှတ်တယ်၊ စမ်းသပ်စစ်ဆေးမှုတွေကို ဘာကြောင့်လုပ်ရတယ်၊ ဘယ်လိုကုသတဲ့နည်းလမ်းတွေရှိတယ်၊ အကျိုးအပြစ်တွေက ဘာတွေရှိတယ်ဆိုတာတွေကို ရှင်းပြဖို့တာဝန်ရှိပါတယ်။ တကယ်တော့ နိုင်ငံတကာမှာလည်း သမားတော်နဲ့လူနာ ပူးပေါင်းဆောင်ရွက်ကြတာမို့ ကောင်းတဲ့လက္ခဏာလို့ ဆိုရမှာဖြစ်ပါတယ်။ အကျင့်ပျက်၊ မသမာတဲ့သမားတော်တွေကို ဝိုင်းဝန်းအရေးယူဖို့ တောင်းဆိုတာကို သမားတော်တစ်ဦးဖြစ်တဲ့ စာရေးသူကိုယ်တိုင် အားပေးပါတယ်။

ဒါပေမဲ့ လူနာတွေကို စေတနာထားပြီး ပြုစုစောင့်ရှောက်ပေးနေတဲ့ တချို့သမားတော်တွေကို လောဘဇောတက်ပြီး လျော်ကြေးရလိုလို့ တိုင်တန်းတာတွေ၊ တရားစွဲဆိုတာတွေ၊ မီဒီယာတွေက တစ်ဆင့် ဂုဏ်သိက္ခာကျစေဖို့ မတော်မတရား စွပ်စွဲဝေဖန်တာတွေကိုတော့ လက်လွှတ်စပယ် မပြုလုပ်သင့်ပါဘူး။ သမားတော်ဆိုတာ ဂုဏ်သိက္ခာ၊ သီလ၊ သမာဓိနဲ့ အလုပ်လုပ်နေကြတာမို့ မဟုတ်မတရား စွပ်စွဲပြီး နာမည်ပျက်အောင် ဆောင်ရွက်ခံရတဲ့ သမားတော်တွေကို သနားစရာသမားတော်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆေးကောင်စီအနေနဲ့လည်း မှန်ကန်တည့်မတ်စွာ မျှမျှတတ ဆောင်ရွက်ပေးနေသလို လူနာတွေအနေနဲ့လည်း အန္တရာယ်ကင်းပြီး အဆင့်အတန်းရှိတဲ့ ဆေးဝါးကုသမှုခံယူရရှိဖို့ ကြပ်မတ်ထိန်းသိမ်းကာ သမားတော်တွေရဲ့ အကျင့်သိက္ခာစောင့်ထိန်းရေးအတွက် ဆောင်ရွက်ပေးနေတာကို ကြားသိရလို့ ဝမ်းသာကြည်နူးဖြစ်မိပါတယ်။ သမားတော်နဲ့ ပြည်သူလူထု ယုံကြည်အားထားရာဖြစ်ပါစေကြောင်း ဆန္ဒပြုလိုက်ပါတယ်။ ။

## မန္တလေးဈေးကွက်အတွင်း နယ်ပေါင်းစုံမှ ကုလားပဲများ အရောင်းအဝယ်သွက်လျက်ရှိ

မန္တလေး ဇန်နဝါရီ ၂၅

ဇန်နဝါရီလအတွင်း၌ မန္တလေးဈေးကွက်အတွင်းသို့ မြန်မာထွက်ကုန် ကုလားပဲသီးနှံများ အရောင်းအဝယ် သွက်လျက်ရှိကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်းသို့ သဲတော၊ ဝမ်းတွင်း၊ မြစ်သား၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ စစ်ကိုင်း စသည့်နယ်များမှထွက်ရှိလာသည့်ကုလားပဲများ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများအနေဖြင့် V2၊ V7၊ 929၊ ဗမာကုလားပဲ၊ မြကြေးမုံကုလားပဲများဟူ၍ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်ထဲကို ကုလားပဲတွေ အခုလထဲမှာနယ်ပေါင်းစုံက ဝင်ရောက်နေပါတယ်။ ကုလားပဲကို ပြည်တွင်းသာမကပါဘူး အိန္ဒိယနိုင်ငံကိုလည်း နှစ်စဉ်တင်ပို့နေရပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေ အနှစ်သက်ဆုံးပဲအမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာလည်း ကောင်းမွန်တဲ့အတွက် စားသုံးသူတွေ ကျန်းမာကြံ့ခိုင်ဖို့ အထောက်အကူပြုတဲ့ပဲထဲမှာ ထိပ်ဆုံးကပါဝင်ပါတယ်။ ရှေးယခင်ကတည်းက စိုက်ပျိုးစားသုံးလာတာကြောင့် အခြေခံအကျဆုံး ပဲတစ်မျိုးဖြစ်တယ်။ ဒီကာလမှာ မန္တလေးမြို့က ပဲခွဲစက်တွေလည်း မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ လည်ပတ်နေတာကြောင့် လုပ်သားတွေလည်း အလုပ်အကိုင်တွေ ရရှိနေတာတွေ့ရပါတယ်။ ဒီနှစ်ကရာသီဥတု အသင့်အတင့်ကောင်းတယ်၊ ပိုးမွှားပျက်စီးမှုလည်းမရှိတာကြောင့် အထွက်နှုန်းလည်းကောင်းပါတယ်။ တောင်သူတွေအနေနဲ့ ဒီနှစ်မှာ ဈေးကောင်းရရှိကြမှာပါ" ဟု ၎င်းကပြောသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါ ကုလားပဲများ အရောင်းအဝယ် သွက်လက်ကောင်းမွန်နေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ပြည်ထောင်စုဖွား
တိုင်းရင်းသားတို့
သွေးစည်းညီညီ
တွဲလက်ညီမှ
ဒို့ပြည်ထောင်စု
ခိုင်မြဲမည်

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ်ပြန်လည်ဖွင့်လှစ်ရန် သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၂၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ပြုပြင်ဖွင့်လှစ်နိုင်ရန် တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လွိုင်ကော်-လောပိတလမ်း ကတ္တရာကွန်ကရစ်ခင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ် တက္ကသိုလ်ပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် တက္ကသိုလ်အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များ တစ်လျှောက်၊ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမနှင့်



စာသင်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ ပတ်ဝန်းကျင်၌ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လွိုင်ကော်-လောပိတလမ်း အရှည် ၃ ဒသမ ၅ ကီလိုမီတာ အကျယ် ၁၈ ပေအား ကတ္တရာမှ ကတ္တရာကွန်ကရစ် (AC) သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကာ လွိုင်ကော်-လောပိတလမ်း Well Graded အလွှာ ဒု ရှစ်လက်မ၊ အရှည် ၃ ဒသမ ၅ ကီလိုမီတာ၊ အကျယ် ပေ ၂၀ လမ်းလုပ်ငန်း၏ လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးမှုနှင့် ကတ္တရာကွန်ကရစ်(AC)လမ်းခင်းခြင်း၊ အမာခံလမ်းပခုံး ခင်းကြိတ်ခြင်းနှင့် လမ်းဘေးရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းလုပ်ငန်းများဆောင်ရွက်နေစဉ် ပြည်သူများ ပုံမှန်သွားလာနိုင်ရေးနှင့် လုပ်ငန်းများပြီးစီး၍ သတ်မှတ်ကာလကျော်လွန်မှ လမ်းအသုံးပြုစေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသနိုင်ရေး ညှိနှိုင်းစည်းဝေး

**ပုသိမ် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအတွက် ထုတ်ကုန်ပစ္စည်းများကို စနစ်တကျ ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ပြိုင်ပွဲဝင်များအား အမှတ်ပေး စည်းမျဉ်း၊ စည်းကမ်းများကို ကြိုတင်ရှင်းလင်းပြောကြားရန်နှင့် လုပ်ငန်းရှင်များကလည်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင်ပါဝင်ပြသသည့် ထုတ်ကုန်ပစ္စည်းများ၏ အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြမည့် တာဝန်ခံများထားရှိရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၏ အချက်အလက်များကို ဗီဒီယိုကလစ်များဖြင့် ပြသရှင်းလင်းနိုင်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်နှစ် ပြသခဲ့သည့်ပြပွဲ၏ အတွေ့အကြုံများကိုနမူနာယူ၍ ပါဝင်ယှဉ်ပြိုင်ပြသနိုင်ရေးဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တိုင်းဒေသကြီးဖြစ်၍ စိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ ပါဝင်ပြသနိုင်ရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချရာတွင် ပစ္စည်းပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေးကိုလည်း စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် လိုအပ်သည်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အမှတ်ပေးစည်းမျဉ်း သတ်မှတ်ချက်များ၊ MSME ပြပွဲနှင့်ပြိုင်ပွဲတွင် တိုင်းဒေသကြီးမှ ခရိုင်အလိုက် ပါဝင်ယှဉ်ပြိုင်ပြသမည့် ပစ္စည်းများ စာရင်းကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်အလိုက်ပြသမည့် ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ခင်းကျင်းပြသထားသော MSME ထုတ်ကုန်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်

**တပ်ကုန်း ဇန်နဝါရီ ၂၅**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်လှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီသီကြိုင်၊ ကျောင်းဆောင်သစ် တာဝန်ယူဆောက်လုပ်သည့် ခန့်တည်ကြည်ကုမ္ပဏီမှ ဦးတင်အောင်ဇော်နှင့် ပေါက်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးတက်ငွေးတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပညာရေးဦးစီးဌာနမှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀၊ နှစ်ထပ်RC ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ကျောင်းဆောင်သစ်ဆောက်လုပ်ခွင့်ပြုရန်ငွေ ရရှိရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခန့်တည်ကြည်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နှစ်ထပ် RC ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ကျောင်းအုပ် ဆရာကြီး ဦးတင်ငွေးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**သန်လျင် ဇန်နဝါရီ ၂၅**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်များအတွက် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အထူးပြုဘာသာရပ်အလိုက် မဟာဘွဲ့သင်တန်းတွင် အမှတ်အများဆုံး ရရှိသော ကျောင်းသား ကျောင်းသူများနှင့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စားပြု တက္ကသိုလ်လက်ရွေးစင် ဘောလုံးအားကစားသမားမောင်ဗိုဆန်းထွန်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်အပ်နှင်းခြင်းနှင့် ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားသည်။




အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မဟာဘွဲ့ ရရှိသူ ၂၀၊ ဘွဲ့လွန် ဒီပလိုမာလေးဦး၊ အထူးပြုဘာသာရပ်များအလိုက် စီးပွားရေးသိပ္ပံဘွဲ့ရရှိသူ ၁၃၅ ဦး၊ Advanced Diplo- ma in Business Manage- ment ဒီပလိုမာလက်မှတ်ရ ၁၇ ဦး၊ Higher Diploma in Business Management ဒီပလိုမာလက်မှတ်ရ ၁၀ ဦး စုစုပေါင်း တက်ရောက်ဘွဲ့ယူသူနှင့် ဒီပလိုမာလက်မှတ်ယူသူ ၁၈၆ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၅၈ ဦး၊ အဝေးရောက်ဒီပလိုမာလက်မှတ်ယူသူ ၄၈ ဦး တို့အား ဘွဲ့များနှင့် ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

တို့ပြည်ထောင်စုတိုင်းရင်းသားများညီညွတ်စွမ်းအား ပြည့်ခွန်အား

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ တရားမဝင်လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်မှုအစီအစဉ် စတင် ရာဇဝတ်မှုမှတ်တမ်းများနှင့်အတူ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို ပြည်နှင်ဒဏ်ပေး



ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် တရားမဝင် လူဝင်မှုကြီးကြပ်ရေး ထိန်းချုပ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရာဇဝတ်မှုမှတ်တမ်းများနှင့်အတူ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို ဂွါတီမာလာနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်တွင် ဒေါ်နယ်ထရမ့်ဦးဆောင်သည့် အစိုးရအဖွဲ့သည် တပ်မတော်လေယာဉ်များကိုအသုံးပြု၍ တရားမဝင်နေထိုင်သူ ရာပေါင်းများစွာကို ပြည်နှင်ဒဏ်ပေးကြောင်း ကြေညာခဲ့သည်။

ရွှေ့ပြောင်းအခြေချသူများကို တင်ဆောင်လာသည့် တပ်မတော်လေယာဉ်နှစ်စင်းသည် ဂွါတီမာလာနိုင်ငံသို့ ဦးတည်ထွက်ခွာသွားခဲ့ကြောင်း ကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

ပြည်နှင်ဒဏ်ပေးရေးလှုပ်ရှားမှုများ စတင်နေပြီဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ကာရိုလိုင်းလီဗစ်ထ်က ၎င်း၏ အင်တာနက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုသို့ တရားမဝင်ဝင်ရောက်ပါက ပြင်းထန်သော အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဆိုသည့် ခိုင်မာပြတ်သားသည့် မက်ဆေ့ချ်တစ်ခုကို သမ္မတ ထရမ့်သည် ကမ္ဘာတစ်ဝန်းသို့ ပေးပို့လျက်ရှိကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ကာရိုလိုင်းလီဗစ်ထ်က ၎င်း၏ ပို့စ်တွင် တပ်မတော်လေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူများကို ပြသထားသည့် မှတ်တမ်းတင်ဓာတ်ပုံများနှင့်အတူ ဖော်ပြခဲ့ကြောင်း သိရသည်။ နယ်စပ်ထိန်းချုပ်မှုကို တိုးမြှင့်ခြင်းသည် ထရမ့်အစိုးရ၏ ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

**ကိုးကား – အင်န်အီတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံရန် ဆန္ဒရှိကြောင်း ပြောကြား



မော်စကို ဇန်နဝါရီ ၂၅

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံရန် ဆန္ဒရှိကြောင်း ပြောကြားသည်။ သမ္မတ ပူတင်သည် ရုရှားအစိုးရပိုင် ရုပ်မြင်သံကြားဌာနနှင့် ဇန်နဝါရီ ၂၄ ရက်က အင်တာဗျူးတစ်ခုတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံအကြား အကျိုးစီးပွားဖြစ်ထွန်းမည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးရန် အဆင်သင့်ရှိပါကြောင်း သမ္မတ ပူတင်က ပြောကြားသည်။

၎င်းတို့နှစ်ဦးတွင် စီးပွားရေးနှင့်တူညီသည့် လက်တွေ့ကျသော ဆက်ဆံရေးမျိုး အမြဲတမ်းရှိသည့်အပြင် အပြန်အလှန် ယုံကြည်မှုလည်း ရှိကြောင်း ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးနှင့် ပတ်သက်ပြီး သမ္မတပူတင်က ပြောကြားသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရခဲ့ပါက ယခုဖြစ်ပေါ်နေသည့် ယူကရိန်းအကျပ်အတည်းကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ဒေါ်နယ်ထရမ့်သည် သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုပြီးနောက် သမ္မတပူတင်နှင့် အမြန်ဆုံးတွေ့ဆုံလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ယူကရိန်းအရေးကို အမြန်ဆုံး အဆုံးသတ်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အီတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ တောမီးလောင်ကျွမ်းသည့် ဒေသများသို့ ရောက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိတောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးသွားသောဒေသများသို့ သွားရောက်ပြီး မီးငြိမ်းသတ်သည့်လုပ်ငန်းစဉ်များတွင် အားဖြည့်ကူညီသွားမည်ဖြစ်ကြောင်းနှင့် လူမှုအသိုင်းအဝိုင်းများပြန်လည်တည်ဆောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်များတွင် ဇန်နဝါရီ ၇ ရက်က စတင်ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုကြောင့် ၂၈ ဦး သေဆုံးကြောင်း သိရသည်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားသော နေရာအများစုတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ သို့သော် ဇန်နဝါရီ ၂၃ ရက်တွင် အဆိုပါဒေသနှင့် အနီးဝန်းကျင်နေရာများ၌ တောမီးများ ထပ်မံလောင်ကျွမ်းခဲ့သည်။

တောမီးလောင်ကျွမ်းမှု အပေါ် တုံ့ပြန်ဆောင်ရွက်မှုအတွက် ကယ်လီဖိုးနီးယားပြည်နယ်၏ ဒီမိုကရက်တစ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်နှင့် သမ္မတဟောင်း ဂျိုးဘိုင်ဒင်တို့အား ဒေါ်နယ်ထရမ့်က အကြိမ်ကြိမ် ဝေဖန်ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ယခင်သမ္မတလက်ထက်တွင် ဖြစ်ပွားခဲ့သော်လည်း တောမီးလောင်ကျွမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ၎င်းတွင်တာဝန်ရှိပါကြောင်း ဒေါ်နယ်ထရမ့်က ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့် အချိန်တွင် သဘာဝဘေးအန္တရာယ်နေရာသို့ သွားရောက်ခြင်းဖြင့် ၎င်း၏ အကျပ်အတည်းစီမံခန့်ခွဲမှုစွမ်းရည်နှင့် စာနာမှုတို့ကို ပြသရန် ရည်ရွယ်ထားကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောကြားသည်။

**ကိုးကား – အင်န်အီတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နိုင်ငံ နုတ်ထွက်ပြီးနောက် ကုန်ကျစရိတ်လျှော့ချရန် ဦးစားပေးအစီအစဉ်များ ပြန်လည်သုံးသပ်

ဂျီနီဗာ ဇန်နဝါရီ ၂၅

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နိုင်ငံ နုတ်ထွက်ပြီးနောက် ကုန်ကျစရိတ်လျှော့ချရန် ဦးစားပေးအစီအစဉ်များကို ပြန်လည် သုံးသပ်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတွက် ငွေကြေးထောက်ပံ့မှုအများဆုံး အလှူရှင်နိုင်ငံဖြစ်သည်။

ဇန်နဝါရီ ၂၀ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်သည့် အမိန့်စာတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်၏ ဆုံးဖြတ်ချက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဘဏ္ဍာရေးအခြေအနေကို ပိုမိုဆိုးရွားစွာ ထိခိုက်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့အက်ဒနွမ်ဂါဘရီယီဆက်စ်က ပြောကြားသည်။

လက်ရှိတွင် ဘဏ္ဍာရေးအခြေအနေများကို ပြန်လည်စီစဉ်လျက်ရှိပြီး မည်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဆိုသည်ကို သုံးသပ်လျက်ရှိကြောင်း ဂါဘရီယီဆက်စ်က ဆက်လက်ပြောကြားသည်။

အမေရိကန်၏ ဆုံးဖြတ်ချက်သည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအခြေအနေအတွက် စိုးရိမ်စရာဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ လင်ဒ်မိုင်ရာက ပြောကြားသည်။ **ကိုးကား – အင်န်အီတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဟားမတ်စ်အဖွဲ့က အစ္စရေးအမျိုးသမီး စစ်သည်လေးဦးကို ယနေ့ ပြန်လွှတ်ပေး

ဂါဇာစီးတီး ဇန်နဝါရီ ၂၅

အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့သည် အစ္စရေးအမျိုးသမီး စစ်သည်လေးဦးကို ယနေ့ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အလားတူ အစ္စရေးအစိုးရသည် အကျဉ်းထောင်များတွင် ၎င်းတို့ထိန်းသိမ်းထားသည့် ပါလက်စတိုင်းအကျဉ်းသား ၂၀၀ ခန့်ကို ယနေ့ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ခဲ့သည့်သဘောတူညီချက်အရ ယခု ဓားစာခံများ လဲလှယ်မှုသည် ဒုတိယအကြိမ် ဖြစ်သည်။

လက်ရှိအချိန်အထိ ဟားမတ်စ်အဖွဲ့က ဓားစာခံခုနစ်ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တိုက်ပွဲများ ခြောက်ပတ်ကြာ ခေတ္တရပ်နားထားချိန်တွင် ဟားမတ်စ်သည် ၎င်း၏ ဓားစာခံ ၃၃ ဦးကို အဆင့်လိုက် လွှတ်ပေးရမည်ဖြစ်သည်။

အစ္စရေးတပ်မတော်နှင့် အခြားသတင်းရင်းမြစ်များ၏ ကြေညာချက်အရ ပြန်လည်လွှတ်ပေးခဲ့သည့် အစ္စရေးတပ်မတော်သားများနှင့် ပါလက်စတိုင်းအကျဉ်းသားများကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီထံ ဇန်နဝါရီ ၂၅ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဂါဇာအလယ်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း မီဒီယာများက သတင်းဖော်ပြသော်လည်း အပစ်အခတ်ရပ်စဲရေး အသက်ဝင်ပြီးနောက် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခြင်းမရှိကြောင်း သိရသည်။

ဓားစာခံ လွှတ်မြောက်ရေးအစီအစဉ်များကို ချောမွေ့စွာ ဆက်လက်ဆောင်ရွက်သွားမည်လားဆိုသည့်အပေါ် ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား – အင်န်အီတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မွေစိန္တာလမ်း၊ အမှတ်(၂၁) ဟုခေါ်သည့် (၂)ခန်းတွဲ(၈)ထပ် ကန်ထရိုက်တိုက်၏(ပထမထပ်/၂-လွှာ) ခေါင်းရင်းခန်း၊ အခန်းအမှတ်(2-A)၊ အကျယ်အဝန်း(၁၅×၆၀)ပေခန့်ရှိသည့် တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအားကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းကို အရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်စောသီဂီ(၁၁/စတန(နိုင်)၀၇၁၁၄၃)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်စောစောအေး(၁၁/စတန(နိုင်)၀၀၅၃၂၈)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**"ကန့်ကွက်နိုင်ပါသည်"**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ဆာပါချောင်ကျောင်းစုရပ်ကွက်၊ စိတ္တာသုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ကျောင်းစု)၊ မြေကွက်အမှတ်(၈၀)၊ အကျယ်(၄၀ x ၆၀)ပေရှိ ဦးသန်းလေး အမည်ပေါက်သည့် ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဦးကျော်မင်းနိုင် [၁၂/ဒလန(နိုင်)၀၆၀၉၉၄]+၄ တို့ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဒေါ်သီတာစမ်း၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေ"**
**ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)**
**LL.B., WIPO (Switzerland)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-420088970**

❖ MFF မှ

မြသီတာအသင်းက The Honour အသင်းကို သုံးဂိုး-တစ်ဂိုး၊ အာသာဝတီအသင်းက Burmese Youths အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ရန်ကုန်တောင်ဇလပ်အသင်း၊ ရှိုင်ရယ်ရန်ကုန်အသင်းနှင့် Mar Rein အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ- MFF

**မွေးသက္ကရာဇ်အမှန်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (အဖ) ဦးအောင်ဆန်းဦး [၁၂/ဥကမ(နိုင်)၁၅၉၅၃၅]နှင့် (အမိ) ဒေါ်မေရီလွင် [၁၄/ပသန(နိုင်)၁၅၅၇၁၁]တို့၏ သမီးဖြစ်သူ မအေးမြတ်သူ၏ မွေးသက္ကရာဇ် အမှန်မှာ(၂-၈-၂၀၀၉) ရက်နေ့ဖြစ်ပါကြောင်း။



စူပါဖယ်သာဝိတ်တန်းပြိုင်ပွဲတွင် နိုင်လတ်နှင့် ကျော်စွာမိုးတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## တတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC)က ကျင်းပသည့် တတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ စုစုပေါင်း တွဲဆိုင်း ၁၁ ဆိုင်းဖြင့် ကျင်းပသည်။

ခြောက်ချီပြိုင်ပွဲများဖြစ်သည့် စူပါဖယ်သာဝိတ်တန်းတွင် နိုင်လတ်က ကျော်စွာမိုးကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ဖယ်သာဝိတ်တန်းတွင် ဂင့်ရှမ်းမွှောင်က ယိန်းဖုံးကို ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့အတူ စူပါဖယ်သာဝိတ်တန်း လေးချီပြိုင်ပွဲများတွင် ကျော်သူရက ထက်ဝင်းကျော်ကို လည်းကောင်း၊ မျိုးခန့်ကျော်က အောင်မြင့်ဦးကိုလည်းကောင်း၊ နိုင်ဝင်းထွန်းက ကောင်းသန့်ဇင်ကို လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ထို့အပြင် ဖယ်သာဝိတ်တန်း လေးချီပြိုင်ပွဲများတွင် ဖိုင်းဒန့်အောင်က ကောင်းမြတ်ထွန်းကိုလည်းကောင်း၊ ဟိန်းတေဇက ကျော်ခန့်ဝင်းကိုလည်းကောင်း၊ ဖလိုင်းဝိတ်တန်းလေးချီပြိုင်ပွဲများ၌ ဗန်လုထောင်နှင့် ရဲမိုးအောင်တို့ပွဲစဉ်နှင့် ရဲမင်းအောင်နှင့် ဟိန်းသူညီညီတို့ပွဲစဉ်များမှာ သရေရလဒ်ပေါ်ထွက်ခဲ့ပြီး ဖြိုးသူအောင်က အောင်သူထွန်းကို အနိုင်ရရှိခဲ့ကာ စူပါဘန်တန်ဝိတ်တန်း၌ အောင်ကောင်းမြတ်က ဟိန်းမင်းနိုင်ကိုအနိုင်ရရှိခဲ့သည်။

မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC) အနေဖြင့် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း PBM1 နှင့် PBM2 ပွဲစဉ်များနှင့် ယခုနှစ် (PBM 3)ကို ကျင်းပခဲ့ပြီး အလားအလာကောင်းမွန်သည့် ကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်ကစားရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

**ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ကျွန်းကလေးကျေးရွာ ကွင်းအမှတ်-၉၈၇၊ကွင်းအမည်-ကျောက်အိုင်ကွင်း၊ဦးပိုင်အမှတ်(၂၉/၂)ဧရိယာ(၁.၀၄)ဧကရှိဦးသင်(HGU၀၀၀၀၂၇) အမည်ပေါက်ဥယျာဉ်ခြံအမျိုးအစားမြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသောအနေအထားဖြင့်ဧရိယာ(၀.၇၇) ဧကရှိမြေကွက်အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်အား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်များဖြင့် ဦးထက်ကိုဦး (၁၂/လကန(နိုင်)၂၆၁၁၈၃) ကတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသင်း(၅/စကန(နိုင်)၁၇၅၁၁၇)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ) အချို့ကိုပေးချေထားပြီး ဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၉)
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

**"ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၆၂၃)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ ပေ x ၆၀ ပေ) ခြေရင်းခြမ်းရှိ ပါမစ်(မူရင်း) အိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"**

အထက်ဖော်ပြပါ လိပ်စာရှိ အိမ်ခြံမြေသည် ပါမစ်မူရင်း ဒေါ်ခင်ဌေးရီ (B/RGN 018866) အမည်ဖြင့်တည်ရှိပြီး ဦးမျိုးဝဏ္ဏအောင် [၁၂/ခရန(နိုင်)၀၉၉၅၉၆]မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်အကျိုးခံစား ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးခင်စိုး [၁၂/လမန(နိုင်)၀၈၄၀၀၃]မှ (၂၃-၁-၂၀၂၅)ရက်စွဲဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်စိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

✪ ကျောဖုံးမှ

အေစီမီလန်အသင်းအနေနဲ့ ကီလီဝေါ်ကာကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ရာမှာ ယခုဘောလုံးရာသီမှာ စာချုပ်သက်တမ်းကုန်ဆုံးခဲ့မယ်ဆိုရင်တောင် အသက် ၃၄ နှစ်အရွယ်ရှိ အင်္ဂလန်နောက်တန်း ကစားသမား ကီလီဝေါ်ကာကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်မယ့်အခွင့်အရေးတစ်ရပ်လည်း ပါဝင်နေတာဖြစ်ပါတယ်။

ကီလီဝေါ်ကာဟာ အေစီမီလန်အသင်းမှာ ကျောနံပါတ် ၃၂ ကို ဝတ်ဆင်ကစားမှာလည်းဖြစ်ပါတယ်။ နောက်တန်းကစားသမားကီလီဝေါ်ကာအနေနဲ့အေစီမီလန်အသင်းနဲ့အတူ စတင်ပွဲထွက် ကစားခွင့်ရရှိမယ့် ပွဲစဉ်ကတော့ ဇန်နဝါရီ ၂၆ ရက်မှာ ပါးမားအသင်းကို အိမ်ရှင်အဖြစ် ဧည့်ခံကစားမယ့် စီးရီးအေပွဲစဉ်လည်း ဖြစ်ပါတယ်။

ကီလီဝေါ်ကာဟာ ၂၀၁၇ ခုနှစ်အတွင်းက စပါးအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ နဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်စီးတီးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၃၁၉ ပွဲအထိ ပါဝင်ကစားပေးထားသူလည်း ဖြစ်ပါတယ်။

ငွေကြယ်

**"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၂/သမိုင်း၊ မြေကွက်အမှတ်-၂/၈(၁၅-B)၊ အကျယ်အဝန်းဧရိယာ(၀.၂၅၂)ဧကရှိ B မြေပိုင်မြေ(အိမ်ရာမြေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၅၆/B၊ သာယာအေးလမ်းသွယ်(၃)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်နန်းစိန်ညွန့်[၁၃/ကမန(နိုင်)၀၄၇၀၄၄]** အမည်ပေါက်လျက်ရှိသော **B မြေပိုင်မြေ(အိမ်ရာမြေ)**အမည်ပေါက်ပိုင်ရှင် ရောင်းသူမှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့် အဆိုပါမြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးသန်း [၁၁/ရဗန(နိုင်)၀၇၇၉၉၁] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ ၇၀/ရပ်ကွက်၊ ရွှေဗဟိုရ်(၂)လမ်း၊ မြေကွက်အမှတ်(၁၄၅၈/က)၊ မြေဧရိယာ (အလျားပေ၂၀xအနံပေ၆၀)ရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် (၁၇-၇-၁၉၉၃)ရက်စွဲပါ ဦးမောင်ကြီး [၁၂/လကန(နိုင်)၀၆၈၉၉၉] ကိုင်ဆောင်သူမှ တရားဝင်အမည်ပေါက် မှတ်သားတည်ရှိပြီး ဒေါ်မျိုးမြတ်မြတ်ဦး [၁၀/မလမ(နိုင်)၁၈၄၅၄၆]ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူ ပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းချက်အရ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ ဒေါ်မျိုးမြတ်မြတ်ဦးထံသို့ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိုးမိုးသန်း**
**[၁၁/ရဗန(နိုင်)၀၇၇၉၉၁]**

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးအောင်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၈၈၂)၊ (၂၉-၄-၂၀၁၄)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**PH:၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၀၉၃၂၉၉၊**
**၀၉-၄၄၃၁၉၃၃၄၄**

**ရေချွေတာရေး နည်းလမ်းများ**

❖ **သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။**

❖ **သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။**

❖ **ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**

❖ **ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

☆ MNL မှ

ဟိန်းဇေယျာလင်း၊ ဥက္ကာနိုင်၊ ရန်ကျော်ထွေး၊ဝေလင်းအောင်၊ ရန်နိုင်ဦးတို့ဖြင့် လူစုံခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းမှာလည်း နိုင်ငံခြားသားလေးဦးအပါအဝင် လူစုံခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၇ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရန်ကျော်ထွေးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၃၈၊ ၆၇ မိနစ်တွင် ရန်ကျော်ထွေး၊ ၇၃ မိနစ်တွင် ဥက္ကာနိုင်၊ ၇၉ မိနစ်တွင် အောင်မျိုးခန့်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ရန်ကျော်ထွေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၃၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၇ ပွဲကစား ခြောက်မှတ် ရရှိထားသည်။

ပွဲစဉ် (၁၇) တတိယနေ့အဖြစ် ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မဟာဝိဇယစေတီတော် ပစ္စယံသုံးဆင့်ရှိ အရံစေတီ(၅)ဆူကို ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း



၂၀၂၅ ခုနှစ် ပွင့်လင်းရာသီတွင် မဟာဝိဇယစေတီတော် ပစ္စယံသုံးဆင့်ရှိ အရံစေတီ (၅)ဆူကို မဟာဝိဇယစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ပါသည်။

အလှူရှင်များအနေဖြင့် အရံစေတီများ၏ အရွယ်အစား ကွာခြားချက်အရ ပထမ ပစ္စယံစေတီရံ တစ်ဆူလျှင် ကျပ်သိန်း(၁၂၀)၊ ဒုတိယ ပစ္စယံစေတီရံတစ်ဆူလျှင် ကျပ်သိန်း (၁၅၀)၊ တတိယပစ္စယံစေတီရံ တစ်ဆူလျှင် ကျပ်သိန်း (၁၈၀) ခန့်မှန်းကုန်ကျမှုရှိနိုင်ပြီး မူလအလှူရှင်များ အနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့များ၊ ကုသိုလ်ပြုလိုသူ အလှူရှင်များ ၅-၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ လှူဒါန်းနိုင်ပါသည်။

အလှူရှင်၏ အမည်ကို ကမ္ပည်းစာတမ်း ရေးထိုးပေးမည်ဖြစ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း မဟာဝိဇယစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**မဟာဝိဇယစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း ၀၁-၈၃၇၀၈၁၆၊ ၀၉-၄၂၄၅၅၁၁၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၉၊ မြေကွက်အမှတ်(၁၇၀၈)၊ အလျား ၄၀ ပေ၊ အနံ ၆၀ ပေ၊ အကျယ်အဝန်းရှိဦးကျော်ကျော် (PMA-112745) အမည်ပေါက် ပါမစ်မြေကွက်အား ပိုင်ရှင် ဦးကျော်မျိုးလွင် [၁၂/သလန(နိုင်)၀၀၃၂၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ငွေပေးချေထားပါသည်။

ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B., D.BL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၂၈/၉၉)**
**အမှတ်(၉၅-ခ)၊ အခန်း(၅-ခ)၊ 95 Residence၊ ၈ မိုင်လမ်းဆုံ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၉၁၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-စီ)၊ မြေကွက်အမှတ်(၂၇ဒီ/၄-က)၊ ဧရိယာ-(၀.၀၇၈)ဧကရှိ မြေပိုင် မြေကွက်တစ်နည်းအားဖြင့် အမှတ်-(၁၃၅-ဒီ)၊ သံလွင်လမ်းသွယ်၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်း ဒေါ်ယဉ်ယဉ်မြင့် [၁၂/ကမတ(နိုင်)၀၅၁၃၈၀]၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၃၉၃၀၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်ထားသည့် ပိတ်ညို (၁,၂၀၀,၀၀၀)ကိုက်အား ဆေးဆိုး(ကျောင်းစိမ်း) လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆေးဆိုးလုပ်ငန်းအပ်နှံလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၁-၂၀၂၅ (စနေနေ့)
တင်ဒါပိတ်ရက် - ၃-၂-၂၀၂၅ (တနင်္လာနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည် -

ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၀၆၇ - ၃၄၀၈၁၃၈၊ ၀၆၇ - ၃၄၀၈၄၃၉၊ ၀၆၇ - ၃၄၀၈၄၉၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) တွင် နိုင်လွန်ခြင်ထောင်နှစ်ယောက်အိပ်များ ချုပ်လုပ်ရန်အတွက် လိုအပ်သော နိုင်လွန်ဇာရောင်စုံ(၈၀") (၁၄၂,၃၄၀)ကိုက်နှင့် ပိတ်ရောင်စုံ(၉၀")(၇၄,၈၀၀) ကိုက်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၁-၂၀၂၅ (စနေနေ့)
တင်ဒါပိတ်ရက် -၇-၂-၂၀၂၅ (သောကြာနေ့)

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည် -

ထုတ်လုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၀၆၇ - ၃၄၀၈၁၃၈၊ ၀၆၇ -၃၄၀၈၄၃၉၊ ၀၆၇ - ၃၄၀၈၄၉၂

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အိမ်အမှတ်-၆၇၊ ပထမထပ်၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကိုမြင့် [၁၂/အလန(နိုင်)၀၀၀၁၅၁] ထံမှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လင်းအောင်**
**[၁၂/လမန(နိုင်)၁၄၀၇၉၈]**
**ဖုန်း-၀၉-၇၇၇၂၅၁၆၈၇၊ ၀၉-၄၄၄၄၃၈၀၆၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ နဝဒေးလမ်း၊ အမှတ် -၉၃၃ ဘီ၊ အကျယ်အဝန်း အလျား- ၃၆ ပေ x အနံ ၆၇ ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ၂ ထပ်ခွဲ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ထွေးထွေးခိုင် [၁၁/မပတ(နိုင်) ၀၀၀၂၄၂] တစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံသဖြင့် ဦးအောင်သက်ဦး [၁၂/တမန(နိုင်)၁၁၀၂၆၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်သက်ဦး**
**[၁၂/တမန(နိုင်)၁၁၀၂၆၁]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအေး(LLB,DBL,DIL)**
**အထက်တန်းရှေ့နေ (စဉ် - ၃၃၅၂၄)**
**ရက်စွဲ (၁၄-၆-၂၀၁၀)**
**အမှတ်(၃၂)၊ ဗိုလ်ဉာဏ(၃)လမ်း၊ မရမ်းကုန်း(၅)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၉၀၀၈၉၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၁/ခ)၊ မြေကွက်အမှတ် (၁၀)၊ ဧရိယာ (၀.၀၂၇) ဧကရှိ **ဒေါ်သန်း** အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက် (နှင့်) ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၁/က)၊ မြေကွက်အမှတ် (၁၀)၊ ဧရိယာ (၀.၀၂၇) ဧကရှိ **ဦးညိုညို** အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်များပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဦးသိန်းရွှေ [၁၂/ကတတ (နိုင်) ၀၁၀၀၈၇] နှင့် ဦးကျော်စွာထွန်း [၁၂/အစန (နိုင်) ၀၁၉၈၂၁]**တို့သည် လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံသူများတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရှုကြည်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၂၁/၁၉၈၆)**
**အမှတ်-၉၇၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းလှမောင်၏ သားကျွန်တော် မောင်အောင်ဇော်လတ် [၁၁/မဥန(နိုင်)၀၆၇၅၇၄]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၈၉၈၈၀၈၆**

**သာလွန်ကျော်**
**အိမ်၊ခြံ၊မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
**Ph:09-420780797**
**09-261119599**

**ကိုချစ်ကို**
အိမ်ခြံမြေအကျိုးဆောင်မှ ဒဂုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/ အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ ဈေးကောင်းပေးဝယ်ပါသည်။ ပွဲခပေးရန်မလိုပါ။
**09-5094084**

## သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း (၁၀၀) ကြိမ်မြောက် တရားစခန်းဖွင့်မည်။

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း သဒ္ဓမ္မပါလဓနုဖြူတိုက်သစ်ကျောင်း၌ ဝိပဿနာ(၇) ရက် တရားစခန်းကို (၄-၂-၂၀၂၅) မှ (၁၀-၂-၂၀၂၅) ထိ **သစ္စာဒီပက ဆရာကြီးဦးကြည်** ၏ နည်းနာနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယကကမ္မဋ္ဌာနာစရိယ **ဘဒ္ဒန္တသာသန (သာသနဓဇမ္မာစရိယ)** ဆရာတော်ကိုယ်တိုင် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ စခန်းဝင်မည့်ယောဂီများ (၃-၂-၂၀၂၅) ညနေ(၄)နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့ 09-5146822,09-449857897

## နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိမည့် အမျိုးသားအဆင့်ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းသားများခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) တို့ ပူးပေါင်း၍ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှုအဆင့်(၁) သင်တန်း အမှတ်စဉ် (၁/၂၀၂၅) အား ၁၄-၂-၂၀၂၅ ရက်နေ့မှ ၂၈-၂-၂၀၂၅ ရက်နေ့ထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းပို့ချရာတွင် NSSA မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် "စံ" သတ်မှတ်ချက်များနှင့်အညီ ရော်ဘာအစေးခြစ်ခြင်း နည်းစနစ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေး၍ စစ်ဆေးအကဲဖြတ်ပြီး ဖြေဆိုအောင်မြင်သော သင်တန်းသားများအား အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ သင်တန်းသား(၃၀)ဦး လက်ခံသင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လို သူများအနေဖြင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ)၊ ဖုန်း ၀၉-၄၀၂၀၂၂၀၀၂၊ ၀၉-၇၇၈၇၁၁၅၄၅ သို့ ၂၅-၁-၂၀၂၅ ရက်နေ့မှစ၍ ဆက်သွယ်စာရင်းပေးဆောင်ရွက်နိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်- (၃-လွှာ/ဒုတိယထပ်)ဟု ခေါ်တွင်သော (အလျား ၂၄- ပေ x အနံ ၄၄- ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် **၁။ ဦးဇော်ဝင်း [၁၂/ကမရ(နိုင်)၀၄၁၆၉၄]၊ ၂။ဦးကျော်ဝင်း [၁၂/ကမရ(နိုင်)၀၄၃၄၁၆]၊ ၃။ဒေါ်မြင့်မြင့်ရီ[၁၃/ညရန(နိုင်)၀၂၆၃၆၅]၊ ၄။ဒေါ်မူမူအောင် [၁၂/ကမရ(နိုင်)၀၄၂၁၂၆]၊ ၅။ ဒေါ်ဆွေဆွေအောင် [၁၂/ကမရ(နိုင်)၀၄၀၉၄၂]** တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါထွန်း [LL.B,M.B.L, D.B.L,D.I.R]**
**တရားလွှတ်တော်ရှေ့နေ[စဉ်-၉၀၃၀/၁၃]**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၀၂၃၃၈**

## "အများသိစေရန်ကြေညာချက်"

ဦးကျော်မျိုးသူ [၉/မကန(နိုင်)၀၈၃၈၇၅] နှင့်ဒေါ်နန်းမိုခမ်း [၉/မကန(နိုင်)၀၀၀၉၂၂] တို့သည် တစ်ဦးနှင့်တစ်ဦးကွာရှင်းပြတ်စဲကြရန် သဘောတူကြသည့်အလျောက် နောက်နောင်ပတ်သက် ဆက်နွှယ်မှုမရှိတော့ကြောင်းကို ဦးကျော်မျိုးသူ က အမရပူရခရိုင်တရားရုံး၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၀၅၁/ ၂၀၂၅ဖြင့်လည်းကောင်း၊ ဒေါ်နန်းမိုခမ်း က အလုံခရိုင်တရားရုံး၊ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၁၃၇၄/၂၀၂၅ဖြင့်လည်းကောင်း အသီးသီးမွြက်ဟ ကျမ်းကျိန်ဆိုပြီးဖြစ်ပါ၍ ယနေ့မှစ၍လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းမိုခမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မြတ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၈၂၁၉၂၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၉၇၅၅၅၇၇၄၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေး ၊ အောက်ဖော်ပြပါ (၇)ဦးသည် ဆိုင်ခန်းအငှားချထားခြင်းခံရသူ မူလပိုင်ရှင်များထံမှ အရောင်း/အဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်း မှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့်လျှောက်ထားလာခြင်းနှင့် ပုဇွန်တောင်ဈေး၊ (သား/ငါး)ရုံ၊ ဆိုင်အမှတ် ( ၉၅ ) ၊ ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဒေါ်မြင့်မြင့်ဦး [၁၂/သကတ(နိုင်)၀၂၇၄၀၀] ထံမှ (၉-၁၂-၂၀၂၂) ရက်စွဲပါ အရပ်ကတိအရောင်း/အဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ဆိုင်ခန်း မှတ်ပုံတင်စာအုပ်အမှတ် ( S-62784 )မှာ ပျောက်ဆုံးသွားပါ၍ ကျမ်းကျိန်လွှာ အမှတ်(၁/၉၂၁/၂၅) တင်ပြ၍ဝယ်ယူသူ ဒေါ်တင်ကြိုင်[၁၂/ပဇတ(နိုင်)၀၀၈၅၄၁] မှ အမည်ပြောင်း လျှောက်ထားပြီး ဆိုင်ခန်းမှတ်ပုံတင် စာအုပ်အသစ် ထုတ်ယူခွင့်လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်/စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| စဉ် | ရုံအမှတ် | ဆိုင်အမှတ် | မူလအမည် | လျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁ | စားသောက် | ၇၁ | ဦးသန်းဦး | ဦးထွန်းမင်းအေး<br>ဒေါ်အေးမြင့်<br>ဦးသက်ထွန်းအောင် |
| ၂ | စားသောက် | ၇၂ | ဦးစိုးတင့် | ဒေါ်ဘာရီတာဘီ(ခ)ခင်ရွှေ<br>ဒေါ်နီနီဝင်း<br>ဒေါ်ရတနာဝင်း |
| ၃ | သား/ငါး | ၉၅ | ဒေါ်မြင့်မြင့်ဦး | ဒေါ်တင်ကြိုင် |
| ၄ | သား/ငါး | ၉၉ | ဦးသန်းဦး | ဒေါ်တင်ကြိုင် |
| ၅ | သား/ငါး | ၁၁၀ | ဒေါ်ထွေးကြည် | ဒေါ်တင်ကြိုင် |
| ၆ | သား/ငါး | ၁၄၅ | ဦးမြင့်ငွေ | ဒေါ်အေးအေးမြင့် |
| ၇ | သား/ငါး | ၁၄၆ | ဒေါ်ချိုချိုသန်း | ဒေါ်အေးအေးမြင့် |

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**သက်ဆိုင်ရာဈေးတာဝန်ခံ၏ဖုန်း-၀၉-၄၂၀၃၁၉၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်/သိပ္ပံ/ကျောင်းနှင့် ဌာနများတွင် လစ်လပ်လျက်ရှိသော အမှုထမ်း(သင်ကြား/စီမံ)ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ဌာနများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိနှင့်နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့် ဦးရေ |
|---|---|---|---|
| (က) | နည်းပြ (၂၁၆၀၀၀၀-၂၀၀၀၀-၂၂၆၀၀၀၀) | B.E(Civil,EP,Mech,IT) | (၇၅)ဦး |
| | | B.C.Sc/B.C.Tech (မဟာဘွဲ့ တက်ရောက်ရန် အရည်အချင်း ပြည့်မီသူ) | (၁၀)ဦး |
| | | B.Sc/ B.A(Myanmar, English,Mathematics, Chemistry) မဟာဘွဲ့ တက်ရောက်ရန် အရည်အချင်း ပြည့်မီသူ) | (၆၅)ဦး |
| (ခ) | စက်မှုကျွမ်းကျင်(၄) (၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀) | A.G.T.I(Civil, EC, EP, Mech, IT) ဒီပလိုမာ လက်မှတ်ရရှိသူ | (၁၅၀)ဦး |
| (ဂ) | စာရင်းကိုင်-၄ (၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀) | စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ | (၂၀)ဦး |
| (ဃ) | အငယ်တန်းစာရေး (၁၈၀၀၀၀၀-၂၀၀၀၀-၁၉၀၀၀၀၀) | ဘွဲ့တစ်ခုခုရရှိသူ | (၁၁၀)ဦး |
| (င) | ရုံးအကူ (၁၄၄၀၀၀၀-၂၀၀၀၀-၁၅၄၀၀၀၀) | တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ | (၇၀)ဦး |
| | | စုစုပေါင်း | (၅၀၀)ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာ ခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၅)နှစ်ထက် မကျော်သူ ဖြစ်ရမည်။
(ဂ) လုပ်ငန်းလိုအပ်ချက်အရ တိုင်းရင်းသားဒေသခံများကို ဦးစားပေး ရွေးချယ်ခန့်ထားမည်။
(ဃ) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်းလုပ်သက် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။(တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက သတ်မှတ်လျော်ကြေးငွေ ပေးလျော်ရမည်ဖြစ်သည်။)
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဆ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဇ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
(ဈ) စာရင်းကိုင်(၄)ရာထူးနှင့်အငယ်တန်းစာရေးရာထူးနေရာများအတွက် လုပ်ငန်းသဘောသဘာဝအရ ကွန်ပျူတာကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်သွားမည်။
(ည) အလုပ်မှ နုတ်ထွက်ထားသူများ လျှောက်ထားလိုပါက ယခင်ဌာန၏ နုတ်ထွက်ခွင့် ရုံးအမိန့်စာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်။ **အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss) ခံထားရသူများ လျှောက်ထားခွင့်မရှိပါ။**

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ Website **www.dtvet.gov.mm** တွင် download ရယူ၍ သော်လည်းကောင်း၊ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာများကို ထုတ်ယူ၍ သော်လည်းကောင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် ၁၆-၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာ၊ A.G.T.I ဒီပလိုမာ လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ။
(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်း။
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ်အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် မိတ္တူ။
(င) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း။
(စ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက် မူရင်း။
(ဆ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက် မူရင်း။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး အချိန်မီစေရန် လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟုရေးသားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)သို့ ပေးပို့နိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် နည်းပြရာထူး၊ စက်မှုကျွမ်းကျင်(၄)ရာထူး၊ စာရင်းကိုင်(၄)ရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်ထားသူများသည် မိမိ လျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုရမည်။

၆။ ရေးဖြေဖြေဆိုခဲ့သူများနှင့် ရုံးအကူရာထူးနေရာအတွက် လျှောက်ထားသူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ၊ A.G.T.I ဒီပလိုမာ လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အလုပ်သမားမှတ်ပုံတင်) မူရင်းများ တင်ပြနိုင်ရမည်။

၈။ အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာနှင့် စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသော ရက်ထက်နောက်ကျ ရောက်ရှိလာသော လျှောက်လွှာများကို (လုံးဝ)လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ၂၀-၂-၂၀၂၅ ရက်နေ့နှင့် ၂၁-၂-၂၀၂၅ ရက်နေ့များတွင် မိမိတို့လျှောက်ထားခဲ့သည့် ကျောင်းနှင့် ဌာနများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ ရေးဖြေ ဖြေဆိုခဲ့သူများနှင့် အပိုဒ်(၁)ပါ အမှတ်စဉ်(င)အတွက် လူတွေ့စစ်ဆေးခြင်းကို ၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၅-၂-၂၀၂၅ ရက်နေ့အထိ နံနက်(၉:၀၀) နာရီ အချိန်တွင် ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၂။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား သက်ဆိုင်ရာကျောင်းများအလိုက် အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၂၃-၂-၂၀၂၅ | နံနက် ၈:၀၀ နာရီ မှ ၁၀:၀၀ နာရီ အထိ |
| (ခ) | အထွေထွေဗဟုသုတ | ၂၃-၂-၂၀၂၅ | နံနက် ၁၀:၃၀ နာရီ မှ ၁၂:၃၀ နာရီ အထိ |
| (ဂ) | အင်္ဂလိပ်စာ | ၂၃-၂-၂၀၂၅ | မွန်းလွဲ ၁:၃၀ နာရီ မှ ၃:၃၀ နာရီ အထိ |

**မှတ်ချက်**။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

